# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ စနေနေ့။ Saturday, 5 February 2022 ၁၀၆၄၀


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေ ပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာနှင့် အဖွဲ့ဝင်များ ရခိုင်ပြည်နယ် စစ်တွေမြို့ ဝါဘိုကျေးရွာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးစတင်ဖြန့်ဖြူးခြင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

## ရခိုင်ပြည်နယ်အတွင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ မီးရရှိပြီး ကျေးရွာပေါင်း ၂၂၄၆ ရွာဖြစ်သည့်အတွက် ၆၀ ရာခိုင်နှုန်းခန့် လျှပ်စစ်မီးသုံးစွဲနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး တို့သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့နယ် ဝါဘိုကျေးရွာအား မဟာဓာတ်အား လိုင်းမှ လျှပ်စစ်မီး စတင် ဖြန့်ဖြူးခြင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာ စကားပြောကြားသည်။

ဆက်လက်၍ လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဒုတိယ ပြည်နယ်လျှပ်စစ်အင်ဂျင် နီယာမှူး ဦးဇော်မိုးက လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့က ဝါဘိုကျေးရွာအားလျှပ်စစ်ဖြန့်ဖြူးပေးမည့် ထရန်စဖော်မာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။


**ယနေ့** ဖတ်စရာ

**အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချမှု အစီအစဉ်** စာမျက်နှာ » ၇

**ပြည်ထောင်စုမျှော်လင့်ချက်နှင့် အပြန်အလှန်အကျိုး** ဆောင်းပါး စာမျက်နှာ » ၁၀

**ဒီမိုကရေစီနှင့် ရွေးကောက်ပွဲများ**



ဆောင်းပါး စာမျက်နှာ » ၈

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁၉ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၃၄ ရာခိုင်နှုန်းရှိ** စာမျက်နှာ » ၁၈

**လေ့လာစရာ အင်္ဂလိပ်စာ** စာမျက်နှာ » ၂၀၊ ၂၁

ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

မြန်မာနိုင်ငံသည် တိုင်းရင်းသားပြည်သူများ စုပေါင်းနေထိုင်ကြသောနိုင်ငံဖြစ်သည်။ တိုင်းရင်းသားပြည်သူများမှာ ရေမြေသဘာဝ မျိုးနွယ်မတူကွဲပြား၍ အသွေးအရောင်ဓလေ့စရိုက် ခြားနားကြသော်လည်း တစ်မြေတည်းတွင် နှစ်ပေါင်းထောင်ချီ အတူလက်တွဲနေထိုင်လာခဲ့ကြသည့် ညီအစ်ကိုမောင်နှမမိသားစုဝင်များဖြစ်ကြသည်။ အချင်းချင်းအတူလက်တွဲ၍ တစ်ဦးနှင့်တစ်ဦး နားလည်လက်ခံနေထိုင်ကြခြင်းသည် တစ်မြေတည်းအတူနေသည့် ပြည်ထောင်စုစိတ်ဓာတ်ရှိနေ၍ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းစွာအတူလက်တွဲ၍ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်ကြသည်။ တိုင်းပြည်တည်တံ့ခိုင်မြဲရေးသာမက တိုင်းပြည်သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် ပြည်တွင်း၊ ပြည်ပ ရန်စွယ်အန္တရာယ်မှန်သမျှကို လက်တွဲဝန်းရံကာကွယ်ခဲ့ကြသည့် သမိုင်းမှတ်တိုင်များရှိသည်။ သို့သော် ကိုလိုနီနယ်ချဲ့နယ်လက်ဟောင်းလက်သစ်များနှင့် ပြည်တွင်းမှ လက်ဝေခံတို့၏ သွေးခွဲမှုအမျိုးမျိုးတို့ကြောင့် တိုင်းရင်းသားပြည်သူအချင်းချင်း သွေးမကွဲသင့်ဘဲ ကွဲခဲ့ကြသည်။ လွတ်လပ်ရေးမရရှိမီ၊ ရရှိပြီးအချိန်မှ ယနေ့ထက်တိုင်သွေးကွဲမှုများ၏ ဆိုးမွေများကို တိုင်းရင်းသားပြည်သူများ ကိုယ်တိုင်ကြုံတွေ့ခံစားနေကြရသည်။

မျက်မှောက်ကာလတွင် နိုင်ငံရေးအပြောင်းအလဲကိုအကြောင်းပြု၍ တိုင်းရင်းသားပြည်သူများအကြား သွေးကွဲမှု၊ ပြည်ပအင်အားကြီးနိုင်ငံအချို့၏ သွေးခွဲသပ်လျှိုပေးမှုများကြောင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးမှု လျော့ရဲပြီး လက်နက်ကိုင်ပဋိပက္ခများအထိ ဖြစ်ပေါ်လာခဲ့သည်။ လတ်တလောတွင် ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း နယ်မြေအချို့တွင် ပြည်တွင်း၊ ပြည်ပသွေးထိုးမြှောက်ပင့်ထောက်ပံ့ပေးထားသည့် အကြမ်းဖက်သမားများက ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ တိုင်းရင်းသားပြည်သူများနှင့် အခြေခံအဆောက်အအုံများပျက်စီးအောင် ဖျက်ဆီးနေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ယခုအခါတွင် တပ်မတော်နှင့်လုံခြုံရေးအဖွဲ့အစည်းများက ဒေသတည်ငြိမ်အေးချမ်းရေး၊ အဖျက်သမားများအား ဖယ်ရှားနှိမ်နင်းရေးတို့ကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ပေးခဲ့ပြီး တိုင်းရင်းသားပြည်သူများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းရင်းသားပြည်သူအားလုံးကလည်း ပြည်ထောင်စု၏ ညီအစ်ကိုမောင်နှမများဖြစ်ကြသည်နှင့်အညီ အရေးကြီးချိန်တွင် သွေးစည်းညီညွတ်ကြပြီး အဖျက်အန္တရာယ်ကို သတိမူကာ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ နယ်မြေဒေသ အေးချမ်းသာယာဝပြောရေးကို လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့သမိုင်းကြောင်း အလှည့်အပြောင်းကို ကောင်းမွန်မှန်ကန်တည့်မတ်အောင် ဆောင်ရွက်နေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မူဝါဒဖြစ်ပြီး နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပြည့်ဝရေး၊ နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို မျှော်မှန်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း တက်ညီလက်ညီ လက်တွဲပါဝင်ဆောင်ရွက်ကြဖို့လိုမည်ဖြစ်သည်။

ယခုအခါ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိရောက်စွာဆောင်ရွက်ပေးလျက်ရှိရာ အစဉ်အလာကောင်းခဲ့သော တိုင်းရင်းသားပြည်သူများထားရှိသည့် ပြည်ထောင်စုစိတ်ဓာတ်ကို မပျက်ယွင်းစေဘဲ အားကောင်းခိုင်မာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်လျော့ပါးလာလျှင် အချင်းချင်းသွေးကွဲပြီး မိမိတို့ဒေသတွင်း၌သာ ပဋိပက္ခများဖြစ်ပေါ်လာပါက ဒေသခံတိုင်းရင်းသားပြည်သူများသာ ထိခိုက်နစ်နာဖြစ်ကြရသည်ကို သတိချပ်ရမည်ဖြစ်သည်။ အဖျက်အန္တရာယ်များပေါ်ပေါက်လာပါက နိုင်ငံတော်နှင့်လက်တွဲ၍ ပူးပေါင်းဆောင်ရွက်သည့်စိတ်ဓာတ်များထားရှိကြရမည်ဖြစ်သည်။

ဒေသများတွင် ဒေသထွက်ကုန်ကောင်းများစွာရှိသဖြင့် ယင်းတို့ကို ဒေသတည်ငြိမ်အေးချမ်းမှသာ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ဒေသထုတ်ကုန်များကို စီးပွားဖြစ်ထုတ်လုပ်၍ တင်ပို့ရောင်းချခြင်းဖြင့် တစ်ဦးချင်းဝင်ငွေတိုးတက်ပြီး ဒေသ၏ GDP တိုးတက်လာမည်ဖြစ်သည်။ “စည်းလုံးညီညာ အောင်ကြောင်းဖြာ”ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှု ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းမှုကြောင့် ဒေသတည်ငြိမ်အေးချမ်းပြီး မူလအခြေအနေထက် ပိုမိုသာလွန်သော ပိုမိုကောင်းမွန်ဖွံ့ဖြိုးတိုးတက်သည့်ဒေသများဖြစ်လာပြီး ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက တိုင်းပြည်နှင့်လူမျိုးကို ဖျက်ဆီးလျက်ရှိသည့် အကြမ်းဖက်သမားများကို ရှင်းလင်းဖယ်ရှားပြီး ဒေသလူမှုစီးပွားတိုးတက်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း မိမိတို့ဒေသလုံခြုံအေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

## ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နိုင်ငံတော်အတွက် ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဒို့ဆောင်ရွက်

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄ - ၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၁,၀၅၃ | ၈,၆၃၄,၆၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၁,၅၃၁ | ၄,၅၉၃,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၃၉ | ၃၁၂,၀၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၅ | ၁၂,၇၅၀ |
| EFR | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| AMATA | ၅,၄၀၀ | ၅,၄၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၃၆.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၉၁၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၅.၅၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၀၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၄.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၂.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၄၅.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၃၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စစ်တွေမြို့ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက် ဌာနဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိသည်။

**ဝန်ထမ်းများနှင့်တွေ့ဆုံ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်နယ်အစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ၊ စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်နှင့် တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ ဖောင်တော်ကြီး ဆိပ်ခံတံတားနယ်မြေရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအား နိုင်ငံ၏နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်ဖြစ်ပေါ်မှုအခြေအနေများ ရှင်းလင်းပြောကြားပြီး ဌာနအလိုက်လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး၊ ဌာနအချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုမခံရစေရေး၊ စက်သုံးဆီနှင့် လျှပ်စစ်မီးများ ခြိုးခြံချွေတာနိုင်ရေး၊ မိမိဌာနရုံးနယ်မြေအလိုက် သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့ကို မှာကြားပြီး ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ခံတံတားအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ဖြည့်ဆည်းမှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ရှိ ရွှေမင်းဂံဆိပ်ခံတံတားနေရာသို့ရောက်ရှိရာ တာဝန်ရှိသူများက နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်သော ကုန်တင်လှေများဆိုက်ကပ်၊ ထွက်ခွာမှုအခြေအနေ၊ ကုန်စည်စီးဆင်းမှုအခြေအနေ၊ လက်ရှိအသုံးပြုနေသော ဆိပ်ခံတံတားသည် သက်တမ်းကြာမြင့်ပြီဖြစ်၍ မွမ်းမံပြင်ဆင်ရန် လိုအပ်မှုအခြေအနေနှင့် အနီးပတ်ဝန်းကျင်ရှိ ဆိပ်ခံတံတားငယ်များနေရာတွင် ဆိပ်ခံတံတားကြီးများ အစားထိုးတည်ဆောက်နိုင်ရေး လိုအပ်မှုအခြေအနေတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**✻ ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဝါဘိုကျေးရွာအား လျှပ်စစ်ဖြန့်ဖြူးပေးမည့် ထရန်စဖော်မာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကျေးရွာအတွင်း အိမ်တွင်းမှု ရက်ကန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရခိုင်ပြည်နယ်အတွင်း ကျေးရွာပေါင်း ၃၇၄၂ ရွာရှိသည့်အနက် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ ဓာတ်အားစနစ်၊ ဆိုလာစနစ်၊ ဒီဇယ်စနစ်စသည့် နည်းလမ်းများဖြင့် မီးရရှိပြီး ကျေးရွာပေါင်း ၂၂၄၆ ရွာဖြစ်သည့်အတွက် ၆၀ ရာခိုင်နှုန်းခန့် လျှပ်စစ်မီးသုံးစွဲနိုင်ခဲ့ပြီဖြစ်သည်။

**သွားရောက်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် စစ်တွေ-ဝါဘိုချောင်းကူးတံတား အရှည်ပေ ၄၈၀ တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုရာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့(၇)မှ တာဝန်ရှိသူများက တံတားတည်ဆောက်ရေး လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) တိုင်းဒေသကြီးအဆင့်သင်တန်း (ဒုတိယသုတ်) သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၄**

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)တိုင်းဒေသကြီးအဆင့်သင်တန်း (ဒုတိယသုတ်) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ သူနာပြု သင်တန်းကျောင်း (မန္တလေး)၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းဆင်းဂုဏ်ပြုစကား ပြောကြားရာတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ဝန်ထမ်းများသည် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခြေခံအကျဆုံးနေရာတွင် ပါဝင်သော အခြေခံကျန်းမာရေးပညာရှင်တစ်မျိုးဖြစ်ကာ ရောဂါနှိမ်နင်းရေးလုပ်ငန်းတာဝန်များကို အဓိကထားဆောင်ရွက်ရသော ကျန်းမာရေးဝန်ထမ်းများဖြစ်ကြောင်း၊ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အစဉ်တစိုက် ဆောင်ရွက်နေကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ တာဝန်ထမ်းဆောင်ရမှုသည် လူသားတို့၏ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် အသက်ကို ကယ်တင်ရသော မွန်မြတ်သည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူလူထုရောဂါအန္တရာယ်မကျရောက်စေရေးအတွက် ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုအကျိုးရှိသည်ဖြစ်ရာကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အဓိကကျကြောင်း၊ တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးမှု လုပ်ငန်းများတွင် သတ်မှတ်လူဦးရေအတိုင်း ရည်မှန်းချက်ပြည့်မီအောင် ထိုးနှံရန် ပါဝင်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကိုတိကျစွာလိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပြီး တာဝန်ခံမှု၊ တာဝန်ယူမှု စိတ်ဓာတ်မွေးမြူကာ စေတနာ၊ မေတ္တာ၊ ကရုဏာထား၍ ပြည်သူ့အကျိုးဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှဆောင်ရွက်ပြီး ပြည်သူလူထုမှ အားကိုးအားထားရသော နိုင်ငံ့ဝန်ထမ်းကောင်း ကျန်းမာရေးဝန်ထမ်းများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများ အတွက် သင်တန်းဆင်း ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၀၇၀၀၀၀ ပေးအပ်၍ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်က ကျေးဇူးတင်စကားပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။





**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

**မန္တလေး ဖေဖော်ဝါရီ ၄**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အသိပညာပေးဆွေးနွေးမှုကို ယနေ့ နံနက် ၁၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က မြန်မာနိုင်ငံ၏နေ့ထူးနေ့မြတ်များကို ပြည်သူများအလေးအနက်တန်ဖိုးထားတတ်စေရန်နှင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုသည် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် အရေးကြီးကြောင်း ပြည်သူများသိရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်ဆရာ စိုးလှ(ဥပဒေ)က ကိုလိုနီခေတ်အုပ်ချုပ်ရေးအခြေအနေ၊ နယ်ချဲ့အစိုးရ၏သွေးခွဲအုပ်ချုပ်ပုံများ၊ လွတ်လပ်ရေးရရှိရန် တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းကြပုံများ၊ လွတ်လပ်ရေးအတွက်အရေးကြီးသည့် ပင်လုံစာချုပ်နှင့်ပြည်ထောင်စုနေ့အကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ဖွံ့ဖြိုးစေရန် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံ၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ရင်းနှီးချစ်ကြည် တွဲလက်ညီ ပြည်ထောင်စုဘွား တိုင်းရင်းသား။**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် စက်မှုသင်တန်းကျောင်းများ၏ ပညာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် စက်မှုသင်တန်းကျောင်းများ၏ ပညာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ စက်မှုသင်တန်းကျောင်းများမှ နည်းပြ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုသင်တန်းကျောင်းများတွင် သင်ကြားနေကြသည့် ဆရာ ဆရာမများအတွက် ပညာရေးဒဿနနှင့် ပတ်သက်၍ ဆွေးနွေးရန် လိုအပ်နေသဖြင့် ပညာရေးဒဿနိကဗေဒ၏ အခြေခံအချက်များဖြစ်သည့် အတွေးအခေါ်၊ ပညာရေး၊ ပညာရေးဆိုင်ရာ ဒဿနိကဗေဒ၏ ရည်ရွယ်ချက်များနှင့် နယ်ပယ်၊ အသုံးဝင်မှုများ၊ အဓိကကျသော ပညာရေးဆိုင်ရာ အတွေးအခေါ်များ၊ ဒဿနပညာရှင်များ၏ အရေးပါသည့် ပညာရေးအတွေးအခေါ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး သင်တန်းကျောင်းများတွင် အသုံးချသင့်သည့် ပညာရေးဒဿနများနှင့် ပတ်သက်၍ အသေးစိတ်ထပ်မံဆွေးနွေးသည်။

စက်မှုဝန်ကြီးဌာနတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုသင်တန်းကျောင်း ရှစ်ကျောင်းကို တည်ထောင်ထားရှိ၍ စက်မှုကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးလျက်ရှိရာ စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားရေးနည်းစနစ်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သင်တန်းကျောင်းများနှင့် ကိုက်ညီမည့် ပညာရေးဒဿနများကို ရွေးချယ်အသုံးပြုသွားရမည်ဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများသည် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသောကြောင့် သင်တန်းကျောင်းများရှိ နည်းပြဆရာ ဆရာမများ၏ အရည်အသွေးတိုးတက်စေရေးအတွက် စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရေးသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် စွမ်းဆောင်ရည်များဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၄**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ပြည်နယ် အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။




**ခမ်းခမ်းနားနားကျင်းပသွားမည်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားကျင်းပရေးဦးစီးကော်မတီ နာယက၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယခုနှစ်တွင် ကျင်းပမည့် ပြည်ထောင်စုနေ့ အခမ်းအနားသည် (၇၅)နှစ်မြောက် စိန်ရတုပြည့်မြောက်ပြီ ဖြစ်သည့်အတွက် နိုင်ငံတော်အဆင့်တွင် ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထို့အတူ မိမိတို့ပြည်နယ်တွင်လည်း စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဆပ်ကော်မတီအသီးသီးအနေဖြင့် လိုအပ်သည်များ ကြိုတင်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ကော်မတီအလိုက် တာဝန်ယူဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းဆောင်ရွက်ရာ၌ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ သီချင်းဆိုပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများတွင် ဆုများချီးမြှင့်ပေးအပ်သွားမည့် အစီအစဉ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများနှင့်အညီ ကျင်းပနိုင်ရေး စသည့် အချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**၆၄ ရာခိုင်နှုန်းခန့် ပြီးစီး**

ထို့နောက် ကချင်ပြည်နယ်အဆင့် ပန်းခင်းစီမံချက် အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်နယ်အဆင့်ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပန်းခင်းစီမံချက်သည် နိုင်ငံတော်စီမံချက်ဖြစ်သလို မြန်မာနိုင်ငံသားများဖြစ်ကြသော တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ကချင်ပြည်နယ်အနေဖြင့် ၆၄ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ စီမံချက် လုပ်ငန်းများ သတ်မှတ်ရက်အတိုင်း ဆောင်ရွက်ပြီးစီးနိုင်ရေး ဆပ်ကော်မတီအသီးသီးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ ပြည်နယ်အဆင့်ကော်မတီ အတွင်းရေးမှူး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက ပြည်နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် မြို့နယ်များတွင် လအလိုက် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများ၊ Data Base ဖြည့်သွင်းခြင်းဆိုင်ရာလုပ်ငန်းများ၊ ရွေးကောက်ပွဲကော်မရှင်သို့ စာရင်းများ လွှဲပြောင်းပေးနိုင်မှု အခြေအနေများနှင့် ဆက်လက် လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်နေမှုများ၊ လိုအပ်ချက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များက လိုအပ်သည်များကို သုံးသပ်အကြံပြုဆွေးနွေး တင်ပြကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတား ဆောက်လုပ်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက နေပြည်တော် တောင်ညို - မြို့သစ် - မကွေး - ကန်ပြားလမ်း တစ်လျှောက်နှင့် မိုင် (၁၄/၃-၁၄/၄) တွင် မြေထိန်းနံရံ ဆောင်ရွက်နေမှု၊ မိုင် (၂၂/၆)၊ မိုင် (၃၁/၀)တို့တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ မိုင် (၅၀ /၄) တွင် ၂၄ ပေ အကျယ် ကတ္တရာလမ်းချဲ့၍ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ကောင်းမွန်ကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်နေသည့် ရန်ကုန် - ပြည်- မန္တလေးလမ်းတစ်လျှောက် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် မကွေးတိုင်းဒေသကြီး သရက် (ပိတောက်ပင်)- မင်းလှလမ်းပေါ်ရှိ ငွေးချိုတံတားဖွင့်ပွဲနှင့် သရက်ခရိုင် ကံမမြို့နယ်ရှိ မင်းတုန်းချောင်းတံတား (ရေနံ့သာ) ဖွင့်ပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတံတား(သရက်-အောင်လံ) ချဉ်းကပ်လမ်း



တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ယင်းနောက် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)က ဆောင်ရွက်နေသည့် ဧရာဝတီတံတား (သရက်-အောင်လံ)စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုနှင့် ညွှန်ကြားရေးမှူး ဦးငွေအောင်တို့က တံတားတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ကိုဗစ်-၁၉ ကူးစက်မှုအန္တရာယ် အထူးအလေးဂရုပြုရေး၊ သတ်မှတ်ချိန်ပြီးစီးရေးနှင့် အရည်အသွေး စံချိန်စံနှုန်း ပြည့်မီရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားအထူးအဖွဲ့(၃)က တည်ဆောက်ရန် ပြင်ဆင်နေသည့် ရန်ကုန်-ပြည်-မကွေး-မန္တလေး လမ်းပေါ်ရှိ ဝက္ကသေးတံတား တည်ဆောက်ရေးလုပ်ငန်းခွင် နေရာကို မြေပြင်ကွင်းဆင်းကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့သည်။ **သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံသော ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဗျက်ကလေးကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆိုလာအသေးစားဓာတ်အားပေးစနစ် လုပ်ငန်းခွင်သို့ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အဆိုပါ ဓာတ်အားပေးစနစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**မှာကြား**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံသော ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိစေရေး စီမံကိန်းလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ချင်းစု-လယ်ကြားမြောင် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ဗျက်ကလေးကျေးရွာ၌ တွင်းနက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရေပေးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်နိုင်စေရေး ဆောင်ရွက်ရန်၊ လမ်းရေရှည်ကောင်းမွန်စေရေး ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် ဒေသခံတောင်သူများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသွားရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ ရောက်ရှိပြီး တတိယနှစ်(ဒုတိယနှစ်ဝက်) ဘာသာရပ်အလိုက် ပညာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ်က သင်ကြားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် တက္ကသိုလ်ပြုပြင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပြည့်ဝသော ကျောင်းသား ကျောင်းသူများ ပိုမိုမွေးထုတ်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးရန် မှာကြားသည်။

**သတင်းစဉ်**



# သာယာဝတီမြို့နယ်၌ အသင်းအဖွဲ့များအား အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ် ပေးအပ်

**သာယာဝတီ ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့က မြို့နယ်အတွင်းရှိ အသင်းအဖွဲ့များအား အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်ပေးအပ်သည့်အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုက အဖွင့်အမှာစကားပြောကြားပြီး အသိအမှတ်ပြုမှတ်ပုံတင်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကရုဏာရှင်(သုံးဆယ်)အသင်းနှင့် ကရုဏာသွေးလှူရှင်အသင်း၊ မေတ္တာဝတီအသင်းနှင့် ဝံသာနုရက္ခိတအသင်း၊ ကရင်စုလူငယ်အသင်းနှင့် ငြိမ်းချမ်းရေးနာရေးကူညီမှုအသင်း၊ အဘယသုခကျန်းမာရေးစောင့်ရှောက်မှုအသင်းနှင့် ဂုံမင်းမြောင်စေတနာ လူမှုကူညီရေးအသင်း၊ ကရင်စုမွန်မြတ်စေတနာအသင်းနှင့် စံရွှေးတန်း စေတနာမွန်အသင်း၊ အလယ်ကုန်းစေတနာရှင်နာရေးကူညီမှုအသင်းတို့အား မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **အေးခိုင်(သာယာဝတီ)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ဟသ်ာတအကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတ အကျဉ်းထောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မေးမြန်းမှတ်တမ်းတင်**

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား တစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ အကျဉ်းထောင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လာရောက်ပို့ဆောင်ပေးသော ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် အကျဉ်းထောင်နှင့် အချုပ်ခန်းများအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်း တွေ့ဆုံလိုသည့် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနှင့် တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်သည်။

ယင်းနောက် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ သန့်ရှင်းမှု၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ တိုက်ခန်းများ၊ ဆေးရုံခန်း၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေ၊ သုံးရေကန်များနှင့် စာကြည့်တိုက်တို့ကို လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှုနှင့် Quarantine ထားရှိသည့် အဆောင်အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**လှူဒါန်း**

ထို့နောက် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းမြန်မာပြန်စာသားများပါရှိသော မှတ်စုစာအုပ် ၅၀၀ ကို ကော်မရှင်က လှူဒါန်းရာ အကျဉ်းထောင် တာဝန်ခံက လက်ခံရယူသည်။

ဟသ်ာတ အကျဉ်းထောင်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် Church ကျောင်းများအား ဆန်၊ ဆီနှင့် ကုလားပဲ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် Church ကျောင်းများအား ဆန်၊ ဆီနှင့် ကုလားပဲ ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

**ထောက်ပံ့လှူဒါန်းလျက်ရှိ**

ထို့ပြင် မြန်မာနိုင်ငံတစ်ဝန်း လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်/ခရိုင်အသီးသီးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးစင်တာများတွင် လိုအပ်လျက်ရှိသော ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အင်အားဖြည့် အစားအစာများကိုလည်း ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် တာချီလိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် တာချီလိတ်မြို့နယ်ရှိ ဝမ်လုံး ကိုဗစ်စင်တာသို့ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အင်အားဖြည့် အစားအစာများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၅၀)မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး (အမျိုးသား / အမျိုးသမီး) စက်ဘီးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ပူးပေါင်း၍ အကြိမ်(၅၀)မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး(အမျိုးသား/အမျိုးသမီး) စက်ဘီးပြိုင်ပွဲများကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှေ့ ဝဏ္ဏသိဒ္ဓိ ပတ်လမ်းတွင်ကျင်းပသည်။



ပြိုင်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်ကစား**

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး(၉) ကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသား (၁၅) ကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားမီတာ(၁၀၀၀) တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားမီတာ(၃၀၀၀) တစ်ဦးချင်း ပြိုင်ပွဲ၊ အမျိုးသမီးမီတာ(၅၀၀) တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး (၉) ကီလိုမီတာ နောက်ကျန်ထွက်ပြိုင်ပွဲ၊ အမျိုးသမီး (၉)ကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား (၁၅)ကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲများ တွင် ဆုရရှိသူများအား အားကစားနှင့်လူငယ်ရေး ရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၁၈ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲတွင် မီတာ(၅၀၀)တစ်ဦးချင်းပြိုင်ပွဲ၌ မသမုဒယ(မန္တလေး) မှ တင်ထားသည့် စံချိန် (၄၃ ဒသမ ၀၅)စက္ကန့်ကို စံချိန် (၄၂ ဒသမ ၀၉) စက္ကန့်ဖြင့် စံချိန်သစ်တင်ခဲ့သည့် မစိုးစန္ဒာဝင်း(တနင်္သာရီ)နှင့် ၂၀၂၀ ပြည့်နှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲတွင် မီတာ(၁၀၀၀) တစ်ဦးချင်းပြိုင်ပွဲ၌ မောင်ကောင်းစည်သူ(ပဲခူး)မှ တင်ထားသည့် စံချိန်( ၁ မိနစ် ၀၈ ဒသမ ၇၈ ) စက္ကန့်ကို စံချိန် (၁ မိနစ် ၀၇ ဒသမ ၁၆) စက္ကန့်ဖြင့် စံချိန်သစ်တင်ခဲ့သည့် မောင်ရှိုင်းထက်အောင်(မန္တလေး)တို့ကိုလည်းကောင်း၊ အမျိုးသမီးအကောင်းဆုံးဆုရရှိသည့် မမိုးမိုးကြည် (တနင်္သာရီ)၊ အမျိုးသား အကောင်းဆုံးဆု ရရှိသည့် မောင်ရှိုင်းထက်အောင်(မန္တလေး)တို့ကိုလည်းကောင်း၊ ရွှေ သုံးခု၊ ငွေ တစ်ခု၊ ကြေး တစ်ခုဖြင့် အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရွှေ သုံးခု၊ ငွေ တစ်ခု၊ ကြေး နှစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြစ်မခမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**သာယာဝတီ ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက သာယာဝတီမြို့နယ် အလယ်ကုန်း-ဖိုးခေါင်-စံရွှေလမ်းပိုင်း၌ (၁)မိုင်(၅)ဖာလုံ၊ (၁၂)ပေအကျယ်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အသရော်-အိပ်လဟာတာတာမိုင် (၂၃/၀+၂၀၀) ပေမှ(၂၃/၃+၄၂၀)ပေအတွင်း မြစ်မခမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကမ်းပြိုခြင်းကြောင့် နှစ်စဉ်လူနေအိမ်နှင့် လယ်ယာမြေများ ဆုံးရှုံးလျက်ရှိကြောင်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဘဏ္ဍာငွေလေလွင့်မှု အနည်းဆုံးနှင့် ထိရောက်အမှုအရှိဆုံးသောနည်းလမ်းများဖြင့် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် စံရွှေတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ကျန်းမာရေးဝန်ထမ်း ပြည့်စုံမှုရှိစေရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျန်းမာရေး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇရပ်ကြီးကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး အရိပ်ရသစ်ပင်စိုက်ပျိုးရန်၊ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်နှင့် KG ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ရေးမှာကြားပြီး ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းနှင့် ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ငါးသယံဇာတများကို ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် ပင်လယ်ငါးဖမ်းဆီးထုတ်လုပ်မှုလျှော့ချရန်နှင့် ငါးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၄**

၂၀၂၁-၂၀၂၂ ခုနှစ် ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရဧရိယာသတ်မှတ်ခြင်းနှင့် ပင်လယ်ငါးလုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် ထိရောက်သော ငါးလုပ်ငန်းများ စီမံခန့်ခွဲမှုဖြင့် ငါးသယံဇာတအရင်းအမြစ်များ၏ ကျက်စားရာနေရာများအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ငါးသယံဇာတများကို ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် ပင်လယ်ငါးဖမ်းဆီးထုတ်လုပ်မှု လျှော့ချရန်နှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်အတွက် ငါးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်များနှင့် လုပ်ငန်းရှင်များက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ငါးမဖမ်းရရာသီကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ငါးလုပ်ငန်းအဖွဲ့ချုပ်များနှင့် လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ငါးလုပ်ငန်းဦးစီးဌာနက သုတေသနရလဒ်များကို အခြေခံ၍ နှိုင်းယှဉ် သုံးသပ်ဆွေးနွေးခဲ့ကြသည်။

၂၀၂၁-၂၀၂၂ ခုနှစ်အတွက် ငါးမဖမ်းရ ရာသီကို ဧပြီ၊ မေ၊ ဇွန်လများကို တားမြစ် ပိတ်ပင်သွားရန်နှင့် အမျိုးအစား မတူညီသည့်လုပ်ငန်းအတွက် သတ်မှတ်ကာလ သီးခြားဆောင်ရွက်ရန်ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အခြေအနေနှင့် ဒီဇယ်ဆီ ဈေးနှုန်းကြီးမြင့်မှုကြောင့် ကမ်းဝေးရေယာဉ် လိုင်စင်ခနှုန်းထားများ ပြင်ဆင်သတ်မှတ်ရန်၊ ငါးသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ငါးမဖမ်းရ ရာသီကာလကို ကမ်းဝေးငါးဖမ်းလုပ်ငန်းများအပြင် ကမ်းနီး(စက်တပ်) ငါးဖမ်းရေယာဉ်များကိုပါ လိုအပ်သည့် ကန့်သတ်ချက်များ ထုတ်ပြန်နိုင်ရေးနှင့် ကမ်းနီးရေပြင် ဧရိယာသတ်မှတ်ခြင်းအတွက် သက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ကမ်းနီးငါးဖမ်းရေယာဉ်များကို နိုင်ငံတကာ စံချိန်၊ စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေးနှင့် ရေယာဉ်အဝင်အထွက် လမ်းကြောင်းသတ်မှတ်စံနှုန်းများဖြင့် ခွင့်ပြုပေးထားမှု အခြေအနေများကိုလည်းကောင်း၊ ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးအတွက် အားလုံးပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း



နေပြည်တော် ဖေဖော်ဝါရီ ၄

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရတနာခံပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ ကျိုက်ထိုဇောတိကာရုံပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ရတနာမာန်အောင်ကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြစေတီပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ အေးစေတီကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ လယ်တီပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လှည်းကူးမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ



လှည်းကူး ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် အုန်းနဲ့ကုန်းကျေးရွာ ကွန်ကရစ်လမ်းသစ်ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လမ်းသစ်မုခ်ဦး ဆိုင်းဘုတ်ကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေအောင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဒေသခံပြည်သူများနှင့်အတူ လမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ဒေသခံပြည်သူတို့၏ ထည့်ဝင်ငွေကျပ် ၁၀ သိန်းတို့ဖြင့် လမ်းအရှည်ပေ ၆၀၀၊ အကျယ် ၁၀ ပေနှင့် အမြင့်ခြောက်လက်မတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အိမ်ခြေအိမ်ထောင်စု ၃၀၀ ခန့်မှ ပြည်သူလူထုတို့၏ ရာသီမရွေး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်လုပ်ငန်းတို့အတွက် များစွာ အကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

# အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချမှု အစီအစဉ်

နေပြည်တော် ဖေဖော်ဝါရီ ၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃၄ သန်းဖြင့် စက်သုံးဆီ မှာယူတင်သွင်းခဲ့သည့် ကုမ္ပဏီ ၂၆ ခုမှ ဒီဇယ်ဆီဂါလန် ၁၂ ဒသမ ၅၄ သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည် ဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက်မှစတင်၍ ကုမ္ပဏီ ၁၁ ခုမှ တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၉၉ ဆိုင်တွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီအရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို မြန်မာ့ရေနံနှင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး ဒီဇယ်ဆီဈေးနှုန်းများကို မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေး အသင်း၏ ဝက်ဘ်ဆိုက် www.mpta.org.mm တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၀၀၆၇၉၄တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ပြင်ဦးလွင်မြို့တွင် ( ၇၅ ) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် စာအုပ်၊ စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကျင်းပ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် စာအုပ်၊ စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ယနေ့နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းနွဲ့တို့က ပြပွဲကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာအုပ်၊ စာပေများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။



အဆိုပါ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် စာအုပ်၊ စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် သုတရသစာအုပ်များ၊ အင်္ဂလိပ်စကားပြောစာအုပ်များ၊ ပညာရေးဆိုင်ရာစာအုပ်များ၊ ဥပဒေဆိုင်ရာစာအုပ်များ ၊ တရားစာအုပ်များ၊ ကလေးပညာပေးစာအုပ်များ ၊ ပုံပြင်စာအုပ်များနှင့် ပြင်ဦးလွင်မြို့ သမိုင်းစာအုပ်များ စသည့်စာအုပ်ပေါင်း ၃၅၀၀ ကျော် ပြသရောင်းချလျက်ရှိသည်။

ဆက်လက်ပြီး (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိ၊ ပုံပြင်ပြော၊ ကဗျာရွတ်ပြိုင်ပွဲများကျင်းပရာ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည် ။

ခရိုင် (ပြန် /ဆက်)

# တိုင်းဒေသကြီး/ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရောင်းချသည့် ဆိုင်အရေအတွက် |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၂၀ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၂၁ |
| ၃ | နေပြည်တော် | ၂ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၉ |
| ၅ | မကွေးတိုင်းဒေသကြီး | ၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၁၀ |
| ၈ | ကချင်ပြည်နယ် | ၂ |
| ၉ | မွန်ပြည်နယ် | ၉ |
| ၁၀ | ရခိုင်ပြည်နယ် | ၆ |
| ၁၁ | ရှမ်းပြည်နယ် | ၁၁ |
| | စုစုပေါင်း | ၉၉ |

ငြိမ်းချမ်းသာယာအေးချမ်းဖို့ ပြည်ထောင်စုစိတ်ဓာတ်မွေးကြစို့

# ဒီမိုကရေစီနှင့် ရွေးကောက်ပွဲများ

## ပြည်ထောင်စုသားတစ်ဦး

ဒီမိုကရေစီစနစ်ကို ပြည်သူ့အုပ်ချုပ်ရေးစနစ်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဒီမိုကရေစီစနစ်တွင် အစိုးရကို ပြည်သူက ရွေးကောက်တင်မြှောက်ကြရသည်။ တစ်နည်းအားဖြင့် ပြည်သူ့ကိုယ်စား တိုင်းရေးပြည်မှုများကို စီမံခန့်ခွဲမည့် ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူများက ဆန္ဒမဲပေးရွေးချယ်ကြရ၏။ ထို့ကြောင့် ဒီမိုကရေစီစနစ်သို့သွားမည်ဆိုလျှင် ရွေးကောက်ပွဲလမ်းကြောင်းကို မလွဲမသွေဖြတ်သန်းကြရမည်ဖြစ်သည်။



၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် မဲပေးနေကြစဉ်။

### ရွေးကောက်ပွဲအတွေ့အကြုံ

မြန်မာနိုင်ငံသည် ဒီမိုကရေစီသက်တမ်းအားဖြင့် နုနယ်သော်လည်း ရွေးကောက်ပွဲ အတွေ့အကြုံအားဖြင့်မူ အတော်အသင့် ရင့်ကျက်မှုရှိခဲ့သည်။ ၁၈၈၆ ခုနှစ် သီပေါမင်းပါတော်မူပြီး ၃၆ နှစ်အကြာ ၁၉၂၂ ခုနှစ် နိုဝင်ဘာလတွင် အင်္ဂလိပ်အစိုးရက ကျင်းပပေးသည့် ဒိုင်အာခီ(Dyarchy) ရွေးကောက်ပွဲများမှတစ်ဆင့် မြန်မာပြည်သူများသည် ရွေးကောက်ပွဲနှင့် စတင်ထိတွေ့မှုရှိလာကြသည်။

ဒိုင်အာခီရွေးကောက်ပွဲဆိုသည်မှာ အင်္ဂလိပ်အစိုးရနှင့် ထိုခေတ်ရွေးကောက်ခံ ပြည်သူ့ကိုယ်စားလှယ် မင်းတိုင်ပင်အမတ်တို့နှစ်ဦးစပ် ပူးတွဲအုပ်ချုပ်ရေးစနစ်တစ်ခုဖြစ်သည်။ ပထမအကြိမ် ၁၉၂၂ ခုနှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒပေးခွင့်ရှိသူ တစ်သန်းခုနစ်သိန်းရှိသည့်အနက် ၆ ဒသမ ၉၂ ရာခိုင်နှုန်းသာ မဲပေးခဲ့ကြသည်။ လူ ၁၀၀ လျှင် ခုနစ်ယောက်နှုန်းသာ မဲပေးခဲ့ခြင်းဖြစ်သည်။ ၁၉၂၅ ခုနှစ်တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ဒိုင်အာခီရွေးကောက်ပွဲတွင်မူ မဲဆန္ဒပေးခွင့်ရှိသူ တစ်သန်းရှစ်သိန်းကျော်အနက် ၁၆ ဒသမ ၂၆ ရာခိုင်နှုန်း မဲလာပေးသည်။ ရွေးကောက်ပွဲကို စိတ်ဝင်စားမှု မြင့်တက်လာသည့်သဘောဖြစ်သည်။

၁၉၃၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသော ရွေးကောက်ပွဲတွင်မူ မြန်မာနိုင်ငံကို အိန္ဒိယပြည်၏ ပြည်နယ်တစ်ခုအဖြစ် ဆက်ပြီးတွဲရေး သို့တည်းမဟုတ် သီးခြားခွဲရေးဟူသည့် တွဲရေး၊ ခွဲရေးဆန္ဒခံယူပွဲကိုပါ တစ်ပါတည်းတွဲဖက်ကျင်းပခဲ့၍ မြန်မာပြည်သူများ စိတ်ဝင်တစား တက်ကြွနိုးကြားစွာ ပါဝင်ခဲ့ကြသည်။

တွဲရေးဘက်က မဲပေါင်း ငါးသိန်းကျော်ဖြင့်နိုင်ခဲ့သည်။ တွဲရေးကိုလှုံ့ဆော်ပြီး ရွေးကောက်ပွဲဝင်သည့်ဘက်က အမတ် ၆၂ ဦး အနိုင်ရရှိခဲ့ပြီး ခွဲရေးဘက်က အမတ် ၂၉ ဦး၊ တစ်သီးပုဂ္ဂလကြားနေအမတ်ကိုးဦး ရွေးကောက်တင်မြှောက်ခံရသည်။ သို့သော် ဗြိတိသျှအစိုးရသည် သူတို့မူလရည်မှန်းထားသည့်အတိုင်း ၁၉၃၇ ခုနှစ်တွင် ခွဲရေးဘက်က ဆုံးဖြတ်ခဲ့ကြသည်။

### တွေ့ကြုံဖြတ်သန်းခဲ့ကြရ

ထို့နောက်တွင် မြန်မာပြည်သူတို့သည် နန်းရင်းဝန်(ဝန်ကြီးချုပ်) ဦးပု၊ ဒေါက်တာဘမော်၊ ဦးစောတို့ အုပ်ချုပ်ရေးအစိုးရခေတ် ၉၁ ဌာနအုပ်ချုပ်ရေးရွေးကောက်ပွဲများ၊ ဒုတိယကမ္ဘာစစ်အပြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအဖွဲ့ချုပ်ကြီး သောင်ပြိုကမ်းပြို အနိုင်ရခဲ့သည့် ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ၊ လွတ်လပ်ရေးရရှိပြီး ပါလီမန်ဒီမိုကရေစီခေတ်တွင် ကျင်းပခဲ့သည့် ၁၉၅၂၊ ၁၉၅၆၊ ၁၉၆၀ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၇၄၊ ၁၉၇၈၊ ၁၉၈၂၊ ၁၉၈၆ တစ်ပါတီစနစ် လွှတ်တော် ရွေးကောက်ပွဲများနှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ်ပွဲများ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကျင်းပပေးခဲ့သည့် ၁၉၉၀ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပခဲ့သည့် ၂၀၁၀၊ ၂၀၁၅၊ ၂၀၂၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများကို တွေ့ကြုံဖြတ်သန်းခဲ့ကြရပြန်သည်။

ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များတွင် မဲများသူ အနိုင်ရသည့်စနစ်(First Past the Post-FPTP)၊ အချိုးကျကိုယ်စားပြုစနစ် (Proportional Representation-PR)၊ တစ်စိတ်တစ်ပိုင်းအချိုးကျစနစ် (Semi-Proportional)တို့ရှိသည့်အနက် မြန်မာနိုင်ငံတွင် အတိတ်ကာလကကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများမှာ နိုင်သူအကုန်ယူသည့်(FPTP)စနစ်သာဖြစ်ခဲ့သည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီ သက်တမ်းအားဖြင့် နုနယ်သော်လည်း ရွေးကောက်ပွဲအတွေ့အကြုံအားဖြင့်မူ အတော်အသင့် ရင့်ကျက်မှုရှိခဲ့သည်။ ၁၈၈၆ ခုနှစ် သီပေါမင်းပါတော်မူပြီး ၃၆ နှစ်အကြာ ၁၉၂၂ ခုနှစ် နိုဝင်ဘာလတွင် အင်္ဂလိပ်အစိုးရက ကျင်းပပေးသည့် ဒိုင်အာခီ(Dyarchy) ရွေးကောက်ပွဲများမှတစ်ဆင့် မြန်မာပြည်သူများသည် ရွေးကောက်ပွဲနှင့် စတင်ထိတွေ့မှု ရှိလာကြ

ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကြီးမားပြီး အနိုင်မခံအရှုံးမပေးတတ်သည့် စိတ်အရင်းခံပြင်းထန်လေ့ရှိသော မြန်မာ့လူ့ဘောင်တွင် ရွေးကောက်ပွဲတိုင်းလိုလိုသည် အကြိတ်အနယ်ရှိလှသည်။ ပွတ်တိုက်မှုမျိုးစုံနှင့် အကွဲအပြဲများစွာကိုလည်း မကြာခဏကြုံတွေ့ခဲ့ကြရ

ထို့ကြောင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကြီးမားပြီး အနိုင်မခံအရှုံးမပေးတတ်သည့် စိတ်အရင်းခံပြင်းထန်လေ့ရှိသော မြန်မာ့လူ့ဘောင်တွင် ရွေးကောက်ပွဲတိုင်းလိုလိုသည် အကြိတ်အနယ်ရှိလှသည်။ ပွတ်တိုက်မှုမျိုးစုံနှင့် အကွဲအပြဲများစွာကိုလည်း မကြာခဏကြုံတွေ့ခဲ့ကြရသည်။

### အယူအဆပိုင်းဆိုင်ရာ ကွဲလွဲခဲ့ကြ

ဒိုင်အာခီရွေးကောက်ပွဲကိစ္စကြောင့် ထိုခေတ်ထိုအခါက မြန်မာတစ်မျိုးသားလုံး၏ ရှေ့ဆောင်အသင်းကြီးဖြစ်သည့် ဂျီစီဘီအေအသင်းချုပ်ကြီးသည် နှစ်ခြမ်းကွဲသွားခဲ့သည်။ ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံပြီး ရွေးကောက်ပွဲဝင်မည့် ဦးဘဘေ အပါအဝင်ထင်ရှားသည့် ဂျီစီဘီအေခေါင်းဆောင် ၂၁ ဦး (၂၁ ဦးအဖွဲ့)နှင့် ဒိုင်အာခီရွေးကောက်ပွဲကို သပိတ်မှောက်မည့် ဦးချစ်လှိုင်၊ ဦးပုနှင့် ဦးထွန်းအောင်ကျော်(ဝံသာနုအဖွဲ့)တို့ အယူအဆပိုင်းဆိုင်ရာ ကွဲလွဲခဲ့ကြပြီး လမ်းခွဲခဲ့ကြသည်။

တကယ်တော့ ဒိုင်အာခီအုပ်ချုပ်ရေးသည် ပါလီမန်စနစ်ယောင်ယောင်ဟန်ဆောင် မျက်နှာဖုံးတပ်ထားသော အုပ်ချုပ်ရေးသာဖြစ်သည်။ ပါလီမန်အုပ်ချုပ်ရေးကဲ့သို့ တိုင်းသူပြည်သားများအား မဲဆန္ဒပေးခွင့်ပြုထားခြင်း၊ မင်းတိုင်ပင်အမတ်များပါဝင်သော ဥပဒေပြုလွှတ်တော်ထားရှိခြင်း၊ ဝန်ကြီးချုပ်ဟူ၍ ခန့်ထားခြင်း အစရှိသော ပါလီမန်ဆန်ဆန် မွမ်းမံ ခြယ်လှယ်ထားသော်လည်း တိုင်းပြည်အုပ်ချုပ်သော တန်ခိုးအာဏာအစစ်အမှန်သည် ဘုရင်ခံနှင့်တကွ အရာရှိများလက်တွင်း၌သာ ရှိလေသည်။

နိုင်ငံရေးခေါင်းဆောင်များ ထိုသို့ကွဲကြလေသောအခါ ပုဂ္ဂိုလ်ခင်မှ တရားမင်လေ့ရှိသည့် မြန်မာပြည်သူအချို့သည် ကွဲကြပြန်သည်။ ခွဲရေး၊ တွဲရေးကိစ္စပေါ်ပေါက်လာသောအခါတွင်မူ စိတ်ခံစားမှုပြင်းထန်သော မြန်မာ့လူ့အဖွဲ့အစည်းသည် ပိုလို့ပင် ကွဲကြပြဲကြပြန်သည်။

### ဖဆပလက နေရာ ၁၈၀ ရရှိခဲ့

လွတ်လပ်ရေးရပြီးစတွင် ဖဆပလအဖွဲ့ချုပ်သည် နှစ်နှစ်ကြာသည်အထိ အတိုက်အခံ မည်မည်ရရမရှိခဲ့သော်လည်း လွတ်လပ်ရေးရပြီးနောက် ပထမဆုံးကျင်းပသည့် ၁၉၅၂ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဆိုရှယ်နီခေါ် ဗမာပြည်အလုပ်သမားလယ်သမားပါတီ၊ ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို ဦးအောင်သန်း ခေါင်းဆောင်သည့် ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစု၊ နိုင်ငံရေးလက်ဟောင်းသမားကြီးများဖြစ်ကြသည့် ဘကြီးဘဘေ၊ ဒေါက်တာဘမော်၊ သခင်ဗစိန် အပါအဝင် ပါတီအဖွဲ့အစည်းပေါင်းစုံတို့က ဖဆပလကို စိန်ခေါ်ယှဉ်ပြိုင်အရွေးခံခဲ့ကြသည်။ မဲပေးသူ ၆၀ ရာခိုင်နှုန်းက ဖဆပလ အမတ်လောင်းများကို မဲပေးခဲ့ကြသည်။ လွှတ်တော်အမတ် ၂၃၃ နေရာအနက် ဖဆပလက နေရာ ၁၈၀ ရရှိခဲ့ပြီး အတိုက်အခံပေါင်းစုံက ၅၃ နေရာရခဲ့ကြသည်။

သို့ရာတွင် အတိုက်အခံပါတီအချို့က ရွေးကောက်ပွဲသည် တရားမျှတမှုမရှိဟူသည့် စွပ်စွဲချက်များထွက်ပေါ်လာသည်။ နယ်များတွင် အတိုက်အခံအမတ်လောင်းများနှင့် ကိုယ်စားလှယ်များ အသတ်ခံရသည်ဟူသည့် သတင်းများလည်း ထွက်ပေါ်ခဲ့သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ၁၉၅၆ ခုနှစ်တွင် ကျင်းပခဲ့ရာ အတိုက်အခံအင်အားစုများသည် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု(ပမညတ)ဖွဲ့စည်းတည်ဆောက်၍ ဖဆပလကိုယှဉ်ပြိုင်ခဲ့သည်။

ထိုခေတ်ကာလတွင် ဖဆပလအဖွဲ့ဝင်အချို့၏ မသမာမှုများကြောင့်တစ်ကြောင်း၊ ပမညတက ပြည်တွင်းစစ်ရပ်စဲရေးကြွေးကြော်သံကြောင့်တစ်ကြောင်း ပမညတမှာ ပြည်သူကြားတွင် ရေပန်းစားလာသည်။ ရွေးကောက်ပွဲတွင် ဖဆပလကအမတ် ၁၄၄ နေရာ၊ ပမညတက ၄၆ နေရာတို့ဖြင့် ဖဆပလက အပြတ်အသတ်အနိုင်ရရှိခဲ့သော်လည်း မဲအရေအတွက်မှာမူ ကွာဟမှုသိပ်မရှိခဲ့ချေ။

၁၉၅၆ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဖဆပလကအနိုင်ရရှိခဲ့သော်လည်း နောက်ဆက်တွဲဂယက်ရိုက်ခတ်မှုများစွာ ဖြစ်ပေါ်ခဲ့သည်။ ရွေးကောက်ပွဲတွင် ပမညတ အမတ်လောင်းသခင်လွင်အတွက် ဆောင်ရွက်ပေးနေသည့် ရဲဘော်လေးဦး အသတ်ခံရမှုဖြစ်ပွားခဲ့ပြီး မင်းလှလေးလောင်းပြိုင်သတ်မှုအဖြစ် ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့သည်။

ထို့အပြင် အတိုက်အခံ ပမညတ အင်အားကြီးမားလာခြင်းနှင့် ပတ်သက်၍ ဖဆပလခေါင်းဆောင်များဖြစ်ကြသည့်

စာမျက်နှာ ၉ သို့

❒ စာမျက်နှာ ၈ မှ

ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့နှင့် ဦးနု တို့တစ်ဖက်နှင့်တစ်ဖက် သဘောထား ကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ကြသည်။ ဦးနုက အတိုက်အခံ ပမညတတို့ လူထု ထောက်ခံမှုဆန္ဒမဲ တိုးတက်လာခြင်းမှာ ဖဆပလအဖွဲ့အတွင်း အာဏာအလွဲ သုံးစားမှုများ၊ ခြစားမှုများ၊ လူထုအပေါ် ခေါင်းပုံဖြတ်မှုများကြောင့်ဟု ထင်မြင် ယူဆပြီး သန့်ရှင်းရေးလုပ်ရမည်ဟု ဆိုသည်။ ထို့နောက်တွင် ဖဆပလအဖွဲ့ ကြီးသည် သန့်ရှင်း၊ တည်မြဲဟူ၍ နှစ်ခြမ်း ကွဲခဲ့ရလေသည်။

အစိုးရအဖွဲ့ထဲက ဆွေငြိမ်းအုပ်စုဝင် ဝန်ကြီးများက နုတ်ထွက်သွားခဲ့ကြပြီး ဦးနုအစိုးရကို လွှတ်တော်တွင် အယုံအကြည်မရှိ အဆိုတင်သွင်း၍ မဲခွဲ ကြသည်။ ပမညတက သန့်ရှင်းဘက်သို့ ထောက်ခံမဲပေးခဲ့ကြ၍သာ ဦးနုအစိုးရ သည် ရှစ်မဲဖြင့်ကပ်အနိုင်ရခဲ့ပြီး အယုံအကြည်မရှိအဆိုကို ကျော်လွှားနိုင် ခဲ့သည်။

### မရှုမလှအရေးနိမ့်ခဲ့ရ

၁၉၆၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင်မူ မဲဆန္ဒ နယ် ၂၅၀ အနက် ဦးနု၏သန့်ရှင်းဖဆပလ ခေါ် ပြည်ထောင်စုပါတီ(ပထစ)က ၂၀၃ နေရာ၊ တည်မြဲ ဖဆပလက ၃၉ နေရာ အနိုင်ရရှိခဲ့ပြီး အတိုက်အခံ ပမညတမှာမူ ရေးမြို့တစ်နေရာမှာပင် အနိုင်ရရှိခဲ့ကာ မရှုမလှအရေးနိမ့်ခဲ့ရ လေသည်။

သို့ရာတွင် အာဏာရပထစပါတီ အတွင်းမှာလည်း ဦး၊ ဗိုလ်၊ သခင်အုပ်စု များ အကွဲအပြဲပေါ်ပေါက်လာခဲ့ရုံသာမက တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ နှင့် ဖက်ဒရယ် အရေးကိစ္စအကျပ်အတည်း များပါ ပေါ်ပေါက်လာခဲ့ပြီးနောက်တွင် တော်လှန်ရေးကောင်စီ (တပ်မတော်) က အာဏာသိမ်းယူခဲ့ရာမှ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ သည် မြန်မာနိုင်ငံ၌ ကာလအတန်ကြာ ကွယ်ပျောက်သွားခဲ့လေသည်။

ယင်းနောက် ၁၉၈၈ ခုနှစ် ဒီမိုကရေစီ လူထုအရေးတော်ပုံအပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တပ်မတော်အစိုးရခေတ်တွင် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့ တွင် ပြန်လည်ကျင်းပပေးခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီက မဲဆန္ဒနယ်မြေ ၄၄၇ နေရာအနက် ၃၉၂ နေရာ အနိုင်ရရှိခဲ့သည်။ သို့ရာတွင် နဝတအစိုးရဘက်က ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေး၊ အမျိုးသားညီလာခံ တက်ရောက်ရေး အယူအဆတောင်းဆိုမှု များကတစ်ဖက်၊ အနိုင်ရပါတီ NLD က လွှတ်တော်ခေါ်ယူရေး၊ အစိုးရ ဖွဲ့စည်းရေး အယူအဆတောင်းဆိုမှုများ က တစ်ဖက်၊ ထိုသို့တစ်ဖက်နှင့် တစ်ဖက် ထိပ်တိုက်ရင်ဆိုင်မှုများဖြင့် ၁၉၉၀ ရွေးကောက်ပွဲရလဒ်သည် လိပ်ခဲတည်းလည်း အဟောသိကံ ဖြစ်သွားခဲ့လေသည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ကျင်းပပေးခဲ့ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီက အနိုင်ရရှိခဲ့ပြီး ရွေးကောက်ခံ အစိုးရဖြစ်လာသည်။ ပြည်သူက ရွေးချယ် တင်မြှောက်လိုက်သည့် လွှတ်တော် ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီ၏ ပြယုဂ်ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်များ ပြန်လည်သက်ဝင် ပေါ်ပေါက်လာသည်။ တစ်ပါတီစနစ် အောက်တွင် ၁၄ နှစ်၊ တပ်မတော်အစိုးရ အောက်တွင် ၂၃ နှစ်နေခဲ့ရသော မြန်မာ ပြည်အတွက် ဥပဒေပြုရေးအဖွဲ့အစည်း လွှတ်တော်များ ပေါ်ပေါက်လာခြင်းဖြစ် ပေသည်။ အတိုက်အခံ NLD ပါတီကမူ No Vote လှုပ်ရှားမှုများဖြင့် ၂၀၁၀ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့လေသည်။

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ တွင်မူ သမ္မတဦးသိန်းစိန်က အတိုက်အခံ NLD ပါတီအား နိုင်ငံရေးပြုပြင်ပြောင်းလဲ မှု လုပ်ငန်းစဉ်အတွင်းပါဝင်ရန် ဖိတ်ခေါ် ကမ်းလှမ်းခဲ့ပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဥပဒေနှင့်နိုင်ငံ ရေးအရ လိုအပ်ချက်အချို့ကို ပြင်ဆင် လမ်းဖွင့်ပေးခဲ့၍ NLD ပါတီ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ လစ်လပ်မဲဆန္ဒနယ် ၄၅ နေရာအနက် ၄၃ နေရာ အနိုင်ရရှိခဲ့ သည်။ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင်လည်း NLD ပါတီသည် သောင်ပြိုကမ်းပြို အပြတ်အသတ် အနိုင်ရရှိခဲ့ပြီး ရွေးကောက်ခံအစိုးရတစ်ရပ် ဖြစ်လာ ခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တွင်မူ အာဏာရပါတီ NLD ၏ ရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်၍ အငြင်းပွားမှုများ ပေါ်ပေါက်လာသည်။ ထို့အတူ ရွေးကောက်ပွဲအကြို ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံရေးပါတီများ မဲဆွယ်ရေးလုပ်ငန်းများ စတင်သည် နှင့် ပါတီအချို့က မဲဆွယ်စည်းရုံးရေး ဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက် ၍ မျှတမှုမရှိဟုစောဒကတက်မှု များလည်းရှိလာသည်။ ထို့ပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်ရှိသမ္မတ(သို့) ဒုတိယသမ္မတ သည် နိုင်ငံရေးပါတီတစ်ခု၏အဖွဲ့ဝင် ဖြစ်လျှင် ၎င်းတို့အနေဖြင့် နိုင်ငံတော် ရာထူးတာဝန်ယူထားသည့် သက်တမ်း ကာလအတွင်း ပါတီလှုပ်ရှားမှုများတွင် ပါဝင်ခြင်းမရှိရဟူသည့် ပုဒ်မနှင့် ပတ်သက်၍လည်းကောင်း၊ ထိုစဉ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ရွေးကောက်ပွဲများအား ဖျက်သိမ်းရာ ၌ ကြောင်းကျိုးညီညွတ်မျှတမှုမရှိဘဲ ဆောင်ရွက်ခဲ့မှုတို့ကြောင့် လည်းကောင်း၊ အာဏာရပါတီအပေါ် တိုင်းရင်းသားပါတီ အချို့နှင့် ပါတီငယ်အချို့တို့၏ ဝေဖန် အငြင်းပွားမှုများလည်း ပေါ်ပေါက်လာခဲ့ သည်။



၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲရုံတစ်ရုံတွင် ဆန္ဒမဲပေးနေစဉ်။

> **အတိတ်ကာလကကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သော နိုင်သူအကုန်ယူသည့် (FPTP) စနစ်သည် လွှတ်တော်အတွင်း အနိုင်ရပါတီတစ်ခုတည်းကို လွှမ်းမိုးသွားစေကာ ပါတီငယ်များ၊ လူမျိုးစု၊ လူနည်းစုများ၊ တစ်သီးပုဂ္ဂလများ ဘေးရောက်သွားစေသည့် မမျှတမှုများ ဖြစ်ပေါ်လာစေကာ မဏ္ဍိုင်သုံးရပ်အတွင်း အပြန်အလှန် ထိန်းကျောင်းမှုပါ ပျက်ယွင်းစေသည်၊ အချိုးကျကိုယ်စားပြုစနစ်(PR)သည် လူမျိုးစုများ၊ နိုင်ငံရေးပါတီများ အများအပြားရှိနေသည့် ပြည်ထောင်စုပုံစံ ဖွဲ့စည်းထားသည့် နိုင်ငံများအဖို့ ပို၍ ဒီမိုကရေစီနည်းလမ်းကျသည်**

တပ်မတော်က မဲစာရင်းများနှင့် မဲရလဒ်များ အငြင်းပွားမှုအပေါ် ပြန်လည် စိစစ်ဖြေရှင်းပေးရန် တောင်းဆိုခဲ့ သော်လည်း အာဏာရပါတီ NLD က တုံ့ဏှိဘာဝေ မသိကျိုးကျွံပြုရင်း ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် လွှတ်တော် ခေါ်ယူ၍ အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရန် ကြိုးပမ်းလာသည်မှအစပြု၍ ရွေးကောက် ပွဲ အငြင်းပွားမှုများက ပိုမိုပြင်းထန်လာ သည်။

### တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပသွားမည်

ထို့နောက်တွင် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ အရေးပေါ်အခြေအနေကြေညာပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်၏တာဝန်ကို ထိန်းသိမ်း ဆောင်ရွက်ခဲ့လေသည်။ တပ်မတော် သည် နိုင်ငံတော်တာဝန်ကို ခေတ္တတာဝန် ယူစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ အိမ်စောင့်အစိုးရတစ်ရပ်ကို ဖွဲ့စည်း၍ နိုင်ငံတော်ကို ဒီမိုကရေစီ လမ်းကြောင်းမှ သွေဖည်မည်မဟုတ် ကြောင်း၊ အရေးပေါ်ကာလပြီးဆုံးပါက တရားမျှတသည့် ရွေးကောက်ပွဲ များ ကျင်းပသွားမည်ဖြစ်ကြောင်းလည်း အတိအလင်းပြောကြားခဲ့သည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲ စနစ်တစ်ရပ်ဟုဆိုသည့် အချိုးကျ ကိုယ်စားပြုစနစ်ကို ပြောင်းလဲကျင့်သုံး ရေးအတွက် လက်ရှိပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီ များ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက် ရှိသည်ကို တွေ့ရသည်။

အတိတ်ကာလက ကျင်းပခဲ့သည့် အထွေထွေ ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သော နိုင်သူအကုန်ယူသည့် (FPTP) စနစ်သည် လွှတ်တော်အတွင်း အနိုင်ရပါတီတစ်ခုတည်းကို လွှမ်းမိုးသွား စေကာ ပါတီငယ်များ၊ လူမျိုးစု၊ လူနည်းစု များ၊ တစ်သီးပုဂ္ဂလများ ဘေးရောက်သွား စေသည့် မမျှတမှုများဖြစ်ပေါ်လာစေကာ မဏ္ဍိုင်သုံးရပ်အတွင်း အပြန်အလှန် ထိန်းကျောင်းမှုပါ ပျက်ယွင်းစေသည်၊ အချိုးကျကိုယ်စားပြုစနစ် (PR)သည် လူမျိုးစုများ၊ နိုင်ငံရေးပါတီများ အများ အပြားရှိနေသည့် ပြည်ထောင်စုပုံစံ ဖွဲ့စည်းထားသည့်နိုင်ငံများအဖို့ ပို၍ ဒီမိုကရေစီနည်းလမ်းကျသည် စသဖြင့် သုံးသပ်ယူဆချက်များလည်းထွက်ပေါ် လာသည်။

### ရွေးကောက်ပွဲလမ်းကြောင်းကို မလွဲမသွေဖြတ်သန်း

မည်သို့ဆိုစေ ရွေးကောက်ပွဲများ သည် ဒီမိုကရေစီစနစ်ကျင့်သုံးဖို့ရန် အတွက် မရှိမဖြစ်လိုအပ်သည့် Essential Condition တစ်ခုပင်ဖြစ်သည်။ ဒီမိုကရေစီ စနစ်သို့သွားမည်ဆိုလျှင် ရွေးကောက်ပွဲ လမ်းကြောင်းကို မလွဲမသွေဖြတ်သန်းကြ ရပါမည်။

နိုင်သူအကုန်ယူသည့်(FPTP) စနစ်ပဲ ဖြစ်ဖြစ်၊ အချိုးကျကိုယ်စားပြု(PR) စနစ် ပင်ဖြစ်စေ အတိတ်ကာလရွေးကောက်ပွဲ သင်ခန်းစာများအရ မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲ စနစ်ဖြစ်ဖို့သာ လိုအပ်သည်။

ထို့အတူ တိုင်းရေးပြည်မှုများကို ဦးဆောင်ဦးရွက်ပြုပြီး စီမံခန့်ခွဲကြမည့် ခေါင်းဆောင်လောင်းများသည် သာမန် လူ့အဆင့်ထက်ပို၍ မြင့်မားသော ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည် ဉာဏ်သွေးနှင့် အကျင့်သိက္ခာပိုင်းကအစ အရည်အချင်းပြည့်ဝနေရေးနှင့် ပြည်သူ လူထုကလည်း ပြည်သူ့ကိုယ်စား တိုင်းရေးပြည်မှုများက စီမံခန့်ခွဲကြမည့် ပြည်သူ့ကိုယ်စားလှယ်များကို လူမှန် နေရာမှန် ရွေးကောက်တင်မြှောက် နိုင်စွမ်းရှိဖို့သာ အဓိကကျသည်။ မြန်မာ နိုင်ငံတွင် ဒီမိုကရေစီစနစ်နှင့် တရားမျှတ သော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများ အခွန့်ရှည်တည်တံ့ စေရေးအတွက် နိုင်ငံသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်တည်ဆောက်သွားကြစေ လိုပါသည်။ ။

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုမျှော်လင့်ချက်နှင့် အပြန်အလှန်အကျိုး

ဇင်ငြိမ်း

## စိန်ရတုပြည်ထောင်စုနေ့

မိမိတို့နိုင်ငံ၏ ပြည်ထောင်စုနေ့သည်ပင် စိန်ရတုတိုင်လေပြီ။ ပြည်ထောင်စုနေ့ဆိုသည့် ရက်စွဲကာလ အပိုင်းအခြားတစ်ရပ် စိန်ရတုတိုင်ခဲ့သော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံဆိုသည့် အမိနိုင်ငံတော်အတွင်း ဤမြေ၊ ဤရေ၊ ဤတိုင်းရင်းသားအပေါင်းဖြင့် စုစည်းနေထိုင်နေကြသည်မှာ ထိုထက်ပင်ပိုပါသည်။

ပထမမြန်မာနိုင်ငံတော်မှ ယနေ့ထက်တိုင် စုစည်းနေထိုင်လာခဲ့ကြပါသည်။ ပြည်ထောင်စုနေ့မှာ ကိုလိုနီခေတ်နှောင်းပိုင်း ၁၉၄၇ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်သော်လည်း တိုင်းရင်းသားအပေါင်း စုစည်းနေထိုင်ခဲ့သည်မှာ ထိုထက်ပင် အချိန်ကာလများစွာ ပိုပါ၏။

သို့သော်လည်း နယ်ချဲ့တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက်ပိုင်း ၁၈၉၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော Kachin Hills Tribes Regulation၊ ၁၈၉၆ ခုနှစ်တွင် Chin Hills Regulation၊ ၁၈၈၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော Shan States Acts ကို ၁၉၂၂ ခုနှစ်တွင် ပြင်ဆင်၍ Federated Shan States Act နှင့် 1935 Burma Act တို့ဖြင့် မြန်မာနိုင်ငံကို တောင်ပေါ်မြေပြန့်နည်းလမ်းမျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်ခဲ့သည့်အကျိုးဆက်မှာ လွတ်လပ်ရေးရယူချိန်တွင် ပြည်ထောင်စုအတွင်း သွေးကွဲမှုများကို ဖြစ်စေခဲ့ပါသည်။ ထိုသို့သော သွေးခွဲအုပ်ချုပ်မှုများကြောင့် လွတ်လပ်ရေးရပြီးနောက် ကိုလိုနီခေတ်လွန်မြန်မာနိုင်ငံအား တစုတစည်းတည်း ပေါင်းစည်းတည်ဆောက်ရန် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများ အကြား ပင်လုံစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ယနေ့ဆိုလျှင် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုသင်္ကေတ ပြည်ထောင်စုနေ့သည်ပင် စိန်ရတုတိုင်ပြီဖြစ်သည်။

## ပြည်ထောင်စုမျှော်မှန်းချက်

လွတ်လပ်ရေးရပြီးနောက်ပိုင်း အနာဂတ် မြန်မာနိုင်ငံတည်ဆောက်ရေး ရည်မှန်းချက်များတွင် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံအဖြစ် ထူထောင်ရန်လည်း ပါဝင်ပါသည်။ တိုင်းရင်းသားလူမျိုးများနှင့် စုစည်းနေထိုင်ကြသော မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံတည်ဆောက်ကြရန်အတွက် ၁၉၄၇ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ကြိုးစားခဲ့ကြပါသည်။

လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်မှ တွက်ပါက နှစ်ပေါင်း ၁၄ နှစ်ကြာ ကြိုးစားအားထုတ်ခဲ့မှုဖြစ်ပါသည်။ သို့သော်လည်း ပြည်ထောင်စုကြီးတည်ဆောက်ရေးကြိုးစားရာတွင် ကိုလိုနီလက်အောက်မှ လွတ်မြောက်ခါစ နိုင်ငံ့အခြေအနေ၊ ပြည်ထောင်စုတည်ဆောက်ရေးအပေါ်ထားရှိသော အမျိုးမျိုးသောသဘောထားကွဲလွဲမှုများဖြင့် ပြည်ထောင်စုရည်မှန်းချက်များရရှိရေး ရုန်းကန်နေကြရဆဲအဖြစ် တွေ့ရပါသည်။

ပြည်ထောင်စုအတွင်း မတူကွဲပြားမှုများဖြင့် စုစည်းနေထိုင်ကြရာတွင် သဘောထားမတူညီမှု၊ အမြင်မတူညီမှု၊ မတိုက်ဆိုင်မှုများ ရှိတတ်ကြသည်မှာ သဘာဝဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ ကိုလိုနီလက်အောက်မှ လွတ်မြောက်ခဲ့သော အိန္ဒိယနိုင်ငံတွင်လည်း ယင်းသို့သောမတူကွဲပြားမှု အခြေအနေများမှ ရုန်းကန်တည်ဆောက်ခဲ့ကြသည်ကို တွေ့နိုင်ပါသည်။ မတူကွဲပြားမှုများဖြင့် လက်တွဲပေါင်းစည်းနိုင်သည့်ရည်မှန်းချက်၊ စိတ်သဘောထား၊ နည်းလမ်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအဖြစ် အတုယူဖွယ်ဖြစ်ပါသည်။



၉-၆-၁၉၄၇ ရက်နေ့က တိုင်းပြုပြည်ပြုလွှတ်တော်သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ဝင်များ တက်ရောက်လာကြစဉ်။

မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားများအကြား ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်များ အပြည့်အဝအကောင်အထည်ဖော်ဆောင်နိုင်ရန် ပြည်ထောင်စုတည်ဆောက်လိုသည့် စိတ်သဘောထား၊ အကောင်အထည်ဖော်ရသည့် နိုင်ငံရေးစနစ်နှင့် အတူလက်တွဲဆောင်ရွက်လိုမှုများဖြင့်သာ ခရီးဆက်ကြခြင်းဖြင့် ပြည်ထောင်စုရည်မှန်းချက် အောင်မြင်နိုင်မည်ဖြစ်ပါသည်။

## ညီညွတ်ရေးအခြေခံ

ပြည်ထောင်စုမြန်မာနိုင်ငံ တည်ဆောက်ရေးတွင် အမျိုးသားညီညွတ်ရေးမှာ အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ ညီညွတ်ရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက ၂၃-၁-၄၆ ရက်နေ့က ကျင်းပသော ဖ-ဆ-ပ-လ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီးတွင် အောက်ပါအတိုင်းပြောကြားခဲ့ပါသည် -

"ညီညွတ်ရေးဆိုတာ ဘာလဲနားလည်ဖို့လိုတယ်။ ဒီတော့ကာ ဒီအပိုဒ် ဒီဝါကျမှာ ညီညွတ်ရေးဆိုတဲ့အကြောင်းကို သရုပ်ဖော်ပြထားတယ်။ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက်ရှိရမယ်။ ကျွန်တော်တို့ညီညွတ်ရေးဆိုတာ ဘာအတွက်ညီညွတ်ရမှာလဲ။ ဘယ်လိုရည်ရွယ်ချက်နဲ့ ညီညွတ်ရမှာလဲ။ ရည်ရွယ်ချက်ဆိုတာရှိရမယ်။ ညီညွတ်ရေးဆိုတာက ဘာအတွက်ညီညွတ်ရမှာလဲ။ ရာထူးယူဖို့ ညီညွတ်ရမလား။ ဒါမှမဟုတ်ရင် ဒီတိုင်းပြည်ရဲ့ ပြည်သူပြည်သားတွေကို နှိပ်စက်ဖို့ ညီညွတ်ရမှာလား။ ဘာအတွက် ညီညွတ်ရမလဲ။ အဲဒီတော့ကာ ကျွန်တော်လိုချင်တဲ့ညီညွတ်ရေးက တတိုင်းတပြည်လုံး လူတမျိုးလုံးရဲ့လွတ်လပ်ရေး၊ လူတမျိုးလုံးရဲ့အကျိုး။ အဲဒီလိုတူညီတဲ့ရည်ရွယ်ချက်။ တူညီတဲ့အကျိုး။ တူညီတဲ့အလုပ်။ ဒါတွေကိုရအောင် အဲဒီလိုတူညီတဲ့အကျိုး။ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့ အလုပ်လုပ်တဲ့ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ပြောနေရုံနဲ့မပြီးဘူး။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလဲတူရမယ်။ အကျိုးမှာလဲ တူရမယ်။ ရည်ရွယ်ချက်မှာလဲ တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ခေါ်ထိုက်တယ်" ဟု ဆိုခဲ့ပါသည်။

ယနေ့တွင်လည်း ဖက်ဒရယ်နှင့် ဒီမိုကရေစီတည်ဆောက်ရန်၊ တစ်မျိုးသားလုံး၏ အကျိုးရရှိရန် ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သည့် လက်တွေ့ကျသော တူညီသောရည်ရွယ်ချက်၊ တူညီသောအကျိုး၊ တူညီသောအလုပ်များဖြင့်သာ ညီညွတ်ရေးရရှိနိုင်ပြီး အနာဂတ်ပြည်ထောင်စုတည်ဆောက်ရေးကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။

## သဘောထားရပ်တည်ချက်

ထိုသို့အားလုံးပါဝင်သော ညီညွတ်ရေးဖြင့် ပြည်ထောင်စုတည်ဆောက်ရာတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလတို့ကို မျှတစွာရှုမြင်ရပ်တည်ကြရပါမည်။ အတိတ်ဆိုသည်က ပြီးခဲ့ပြီးသော ဖြစ်စဉ်ဖြစ်ရပ်တို့ဖြစ်သည်။ ပြောင်းလဲ၍မရနိုင်တော့ချေ။ သို့သော် အတိတ်မှ ပြည်ထောင်စုမျှော်မှန်းချက်သည် ယနေ့ထက်တိုင် ရှင်သန်နေဆဲ၊ အသက်ဝင်နေဆဲ၊ မျှော်မှန်းတည်ဆောက်နေကြဆဲကာလဖြစ်ပါသည်။ အားလုံး၏မျှော်မှန်းချက်ဖြစ်သော ပြည်ထောင်စုတည်ဆောက်ရေးတွင် အတိတ်ကာလက မှန်ခဲ့သည်များလည်း ရှိခဲ့ပါ၏၊ မှားခဲ့သည်များလည်း ရှိခဲ့ပါ၏။ ထိုအမှန်/ အမှားတို့အပေါ် အပြုသဘောဖြင့် ဆင်ခြင်သုံးသပ်ရပါမည်။ ယင်းအမှန်၊ အမှားများသည် များစွာတန်ဖိုးရှိသော သင်ခန်းစာများဖြစ်ပါသည်။ မျှော်လင့်ချက်များ၊ ဘဝများ၊ မျိုးဆက်များနှင့်ရင်းနှီး၍ရခဲ့သော သင်ခန်းစာများဖြစ်ကြပါသည်။ အပြုသဘောရပ်တည်ချက်မှန်ဖြင့် အသုံးချရမည့်သင်ခန်းစာများဟု မြင်မိပါသည်။

> ထိုသို့အားလုံးပါဝင်သောညီညွတ်ရေးဖြင့် ပြည်ထောင်စုတည်ဆောက်ရာတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလတို့ကို မျှတစွာရှုမြင်ရပ်တည်ကြရပါမည်။ အတိတ်ဆိုသည်က ပြီးခဲ့ပြီးသော ဖြစ်စဉ်ဖြစ်ရပ်တို့ဖြစ်သည်။ ပြောင်းလဲ၍မရနိုင်တော့ချေ။ သို့သော် အတိတ်မှ ပြည်ထောင်စုမျှော်မှန်းချက်သည် ယနေ့ထက်တိုင် ရှင်သန်နေဆဲ၊ အသက်ဝင်နေဆဲ၊ မျှော်မှန်းတည်ဆောက်နေကြဆဲကာလဖြစ်ပါသည်။ အားလုံး၏မျှော်မှန်းချက်ဖြစ်သော ပြည်ထောင်စုတည်ဆောက်ရေးတွင် အတိတ်ကာလက မှန်ခဲ့သည်များလည်းရှိခဲ့ပါ၏၊ မှားခဲ့သည်များလည်းရှိခဲ့ပါ၏။ ထိုအမှန်/ အမှားတို့အပေါ် အပြုသဘောဖြင့် ဆင်ခြင်သုံးသပ်ရပါမည်။ ယင်းအမှန်၊ အမှားများသည် များစွာတန်ဖိုးရှိသော သင်ခန်းစာများဖြစ်ပါသည်။ မျှော်လင့်ချက်များ၊ ဘဝများ၊ မျိုးဆက်များနှင့် ရင်းနှီး၍ရခဲ့သော သင်ခန်းစာများဖြစ်ကြပါသည်။ အပြုသဘောရပ်တည်ချက်မှန်ဖြင့် အသုံးချရမည့်သင်ခန်းစာများဟု မြင်မိ

သို့ဖြစ်ရာ လက်ရှိလျှောက်လှမ်းနေဆဲ ဖက်ဒရယ်နှင့် ဒီမိုကရေစီပန်းတိုင်သို့ အတူတကွ လျှောက်လှမ်းကြရာတွင် မှန်ကန်သောရပ်တည်ချက်နှင့် ပြည်ထောင်စုစိတ်သဘောထားများ လိုအပ်မည်ဖြစ်ပါသည်။

## မှန်ကန်သောနည်းလမ်း

မိမိတို့လက်ထက်တွင် ပြည်ထောင်စုစနစ်ဖြစ်သည့် ဖက်ဒရယ်တည်ဆောက်ရေးအတွက် ဖက်ဒရယ်နှင့် ဒီမိုကရေစီပန်းတိုင်ရှိနေပါသည်။ ပြည်ထောင်စုဆိုသည့်၊ ဖက်ဒရယ်ဆိုသည့်သဘောဌ် ကိစ္စရပ်အချို့တွင် စည်းလုံးညီညွတ်စွာ အတူတကွလုပ်ဆောင်လိုပြီး အခြားသောကိစ္စရပ်များတွင် မတူကွဲပြားမှုနှင့် ကိုယ်တိုင်ဆုံးဖြတ်ဆောင်ရွက်ခွင့်ရှိလိုခြင်းကို ညှိနှိုင်းရန်ကြိုးပမ်းခြင်းဟုဆိုပါသည်။ ထို့အပြင် ဖက်ဒရယ်စနစ်၏ ရည်မှန်းချက်နှစ်ရပ်တွင် နိုင်ငံအတွင်းရှိ ဒေသဆိုင်ရာ မတူကွဲပြားမှုများကို လိုက်လျောညီထွေရှိစေပြီး နိုင်ငံ၏စည်းလုံးညီညွတ်မှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် မြှင့်တင်ရန်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဖက်ဒရယ်၏မူရင်းသဘောတွင် တရားမျှတမှုနှင့် ညီညွတ်ခြင်းအပေါ်အခြေခံ၍ မိမိတို့အကျိုးစီးပွားနှင့် အများအကျိုးစီးပွားကို မျှတအောင် စီမံခန့်ခွဲသည့် နိုင်ငံတည်ဆောက်ရေးစနစ်ဟု ဆိုရပါမည်။

စာမျက်နှာ ၁၁ သို့ ✳

✳ စာမျက်နှာ ၁၀ မှ

သို့သော်လည်း ဖက်ဒရယ်စနစ်တည်ဆောက်ရာတွင် မှန်ကန်သောသဘောထားရပ်တည်ချက်လိုအပ်သကဲ့သို့ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိသည့်နည်းလမ်းများလည်း လိုအပ်ပါသည်။ ဖက်ဒရယ်စနစ်သည် တင်ပို့၍မရသကဲ့သို့ တင်သွင်း၍လည်းမရဟု မှတ်သားဖူးပါသည်။ ရေရှည်တည်တံ့သော ပြည်ထောင်စုဖြစ်ရန် မိမိနိုင်ငံအကျိုး၊ တိုင်းရင်းသားများအားလုံးအကျိုးကိုဖြစ်စေသည့် နည်းလမ်းများကို ကျင့်သုံးကြရပါမည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးတွင် ပြည်ထောင်စုသည်၊ မတော်ချင်လို့မရဆိုသည့် မြန်မာဆိုစကားကဲ့သို့ သဘာဝတရားကြီးမှပေးထားသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများဆိုသည်က သဘောထားမတိုက်ဆိုင်မှုများ၊ အဆင်မပြေမှုများ ရှိတတ်စမြဲဖြစ်သော်လည်း မတော်ချင်၍မရနိုင်ပါ။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အဆင်မပြေမှုများနှင့် လိုလားချက်များကို ငြိမ်းချမ်းစွာဖြင့် ညှိနှိုင်းဖြေရှင်းကြမှသာ မိမိတို့ကာလလွန်သည့်တိုင် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းစွာ တည်ရှိနေမည်ဖြစ်ပါသည်။ ပြည်ထောင်စုကြီးအား လူ့ဘဝသက်တမ်းတစ်ခုစာ စဉ်းစားခြင်းထက် လူ့သက်တမ်းပေါင်းများစွာ ခိုင်မြဲတည်တံ့ရေးစဉ်းစားကြရမည် ဖြစ်ပါသည်။

> **ဖက်ဒရယ်စနစ်တည်ဆောက်ရာတွင် မှန်ကန်သောသဘောထား ရပ်တည်ချက်လိုအပ်သကဲ့သို့ မိမိတို့နိုင်ငံနှင့်လိုက်လျောညီထွေရှိသည့်နည်းလမ်းများလည်း လိုအပ်ပါသည်။ ဖက်ဒရယ်စနစ်သည် တင်ပို့၍မရသကဲ့သို့ တင်သွင်း၍လည်းမရဟု မှတ်သားဖူးပါသည်။ ရေရှည်တည်တံ့သော ပြည်ထောင်စုဖြစ်ရန် မိမိနိုင်ငံအကျိုး၊ တိုင်းရင်းသားများအားလုံး အကျိုးကိုဖြစ်စေသည့်နည်းလမ်းများကို ကျင့်သုံးကြရပါမည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးတွင် ပြည်ထောင်စုစိတ်သဘောထား လိုအပ်သကဲ့သို့ ပြည်ထောင်စုတည်ဆောက်ရေးနည်းလမ်းလည်း မှန်ကန်ရန်လိုအပ်**

စိတ်သဘောထားလိုအပ်သကဲ့သို့ ပြည်ထောင်စုတည်ဆောက်ရေးနည်းလမ်းလည်း မှန်ကန်ရန်လိုအပ်ပါသည်။

ပြည်ထောင်စုတည်ဆောက်ရေး နည်းလမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုစနစ်သည် ဒီမိုကရေစီစနစ်တွင်သာ ထွန်းကားနိုင်သည်ဆိုသည့်သဘောမှာလည်း သတိပြုဖွယ်ဖြစ်ပါသည်။ ဒီမိုကရေစီအားနည်းပါကလည်း ဖက်ဒရယ်စနစ်ကို အထောက်အပံ့မဖြစ်စေသည့် အပြင် ရှိရင်းစွဲပဋိပက္ခများကို ပိုမိုနက်ရှိုင်းစေနိုင်ပါသည်။ ဟန်ချက်ညီသောကျင့်သုံးမှုဖြစ်ရန် လိုအပ်မည်ဖြစ်သည်။

### သွေးမစွန်းသောစစ်ပွဲ

**နိုင်ငံရေးသည် သွေးထွက်သံယိုမှုနှင့် သေကျေပျက်စီးမှုမရှိသောစစ်ပွဲဖြစ်ပြီး စစ်ပွဲသည် သွေးထွက်သံယိုနှင့် သေကျေပျက်စီးမှုရှိသောနိုင်ငံရေးဖြစ်သည်ဟု မော်စီတုံးက ဆိုခဲ့ပါသည်။**

တိုင်းရင်းသားအားလုံးပါဝင်သော ပြည်ထောင်စုတည်ဆောက်ရေး၊ ဒီမိုကရေစီစနစ်တည်ဆောက်ရေးသည် နိုင်ငံရေးစနစ် ပြုပြင်ပြောင်းလဲရေးဖြစ်ပါသည်။ တစ်ဦးချင်း တစ်ဖွဲ့ချင်းအကျိုး၊ အများအကျိုးကို ငြိမ်းချမ်းသောနိုင်ငံရေးနည်းလမ်းများဖြင့် ဖော်ဆောင်ခြင်းဖြင့်သာ အားလုံး၏ရည်မှန်းချက်သို့ ရောက်ရှိနိုင်ပါမည်။

မိသားစုအတွင်း ညီရင်းမောင်နှမဆိုသည်မှာ မခေါ်ရင်သာရမြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် ဓမ္မပဒလာ ကာဠီယက္ခိနီ ဘီလူးမဝတ္ထုမှ ဘီလူးမနှင့် သားသည်မိခင်ကဲ့သို့ ဘဝအဖန်ဖန် သူတစ်ခါ ငါတစ်လှည့် ရန်ကိုရန်ချင်းတုံ့ပြန်ခြင်းဖြင့် ပြဿနာသည် ပြေလည်မသွားနိုင်ဘဲ သူ့အကျိုးကိုယ့်အကျိုး အပြန်အလှန်ပြုခြင်းဖြင့်သာ ပြည့်စုံချမ်းသာမှုကို ရရှိစေနိုင်သည်မှာ ဆင်ခြင်ဖွယ်ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း သူ့အကျိုး ကိုယ့်အကျိုးစောင့်ရှောက်ခြင်းဖြင့် ပြည့်စုံချမ်းသာသော ပြည်ထောင်စုကြီးမျှော်လင့်ချက်များ ပြည့်ဝစေနိုင်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကိုးကား

၁။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁။

၂။ Federalism, IDEA

၃။ Min Zin၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ဖြစ်စဉ်နှင့် မျှခြေကနဦးအဆိုပြုချက်များ၊ 13 September 13, 2018 https://ispmyanmarpeacedesk.com/article/




## ပြည်ထောင်စုစိတ်ဓာတ်

❖ မေခမလိခ၊ မြစ်မနှစ်ဖြာ
ရစ်ကာစီးဆင်း၊ မြစ်မင်းဧရာ
ရေဇလာသည်၊ အစာလည်းပေး
ရင်ကိုအေးစေ၊ မေတ္တာဝေမျှ
မိဘပမာ၊ မြစ်မဟာတည့်......

❖ ဟိုရှေးခါဆီ၊ ပဝေသဏီက
ညီရင်းအစ်ကို၊ မောင်လိုနှမ
တူတကွနေ၊ သည်ရေမြေသည်
တောင်ခြေလျှိုမြောင်၊ အနှောင်မထား
မခွဲခြားဘဲ၊ စိတ်ထားဖြူကြည်
ပြည်သစ်ဆီသို့၊ စိတ်ရည်တောင့်တ
ဝီရိယနှင့်၊ စာဂတူညီ
အောင်ပွဲဆီသို့၊ ညီစေစိတ်ဝမ်း
မခွဲတမ်းပင်၊ လှမ်းစေချင်သည်
ပြည်ထောင်စုဆီ.......

❖ မှုဟောင်းတွေချန်၊ မှုသစ်ဟန်နဲ့
ဖွဲ့မာန်ပြည့်ဝ၊ ပြည်ပရန်သူ
အတူမောင်းထုတ်၊ မျိုးယုတ်မကျန်
တွန်းလှန်ဖြိုဖျက်၊ ပြည်သူ့လက်ဖြင့်
ရေးလျက်မပယ်၊ ဖက်ဒရယ်မှုကို
အတူချီတက်၊ တိုးတက်ကြီးပွား
အာရှကျားဟု၊ အများသတ်မှတ်
ထပ်တူကျအောင်၊ အားဆောင်ကြိုးပမ်း
စုပေါင်းစွမ်းဖြင့်၊ တက်လှမ်းပြည်ထောင်
ယခုနောင်လျှင်၊ ပြည်ထောင်စုဖွား
သွေးချင်းများတွေ၊ မသွေစည်းလုံး
မုန်းစိတ်မထား၊ မြစ်ဖျားမှသည်
ရောဝတီလို၊ တူညီဝေမျှ
မိဘပမာ၊ ပြည်မြန်မာသည်
ရှည်ကြာလန်းဆန်း၊ မခန်းမေတ္တာ
ရှုဖွယ်သာတည်း.....။

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်

ကိုသိုက် (ပုသိမ်)



လေးခန်းတွဲ အဆောက်အအုံ ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

❑ ကျောဖုံးမှ

ထိုကဲ့သို့ အကြမ်းဖက်အဖျက် အမှောင့်များ ပြုမူလုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက် နံနက် ၅ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ဆောမြို့ ဇေယျာရပ်ကွက်ရှိ ဆောမြို့မရဲစခန်းအား လည်းကောင်း၊ တစ်ချိန်တည်းတွင် ဆောမြို့နယ်နှင့် ၁၂ မိုင်ခန့်အကွာ လောင်းရှည်ကျေးရွာရှိ လောင်းရှည်နယ်မြေရဲစခန်းအား လည်းကောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှုပ်ရှုပ်ချုံချုံ ပြန်လည်ခုခံတိုက်ခိုက်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်အဖွဲ့များ အနောက်ဘက်နှင့် တောင်ဘက်သို့ ထွက်ပြေးဆုတ်ခွာသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ရာ ဆောမြို့မရဲစခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ခုခံတိုက်ခိုက်မှုများကြောင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေးတပ်ဖွဲ့များ လိုက်လံချေမှုန်းတိုက်ခိုက်မှု မပြုလုပ်နိုင်စေရန်အတွက် ၎င်းတို့ ဆုတ်ခွာထွက်ပြေးရာ လမ်းကြောင်းတစ်လျှောက်၊ ဇေယျာရပ်ကွက်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၊ သစ်ထုတ်လုပ်ရေးစခန်းရုံး၊ မြေစာရင်းဦးစီးဌာနရုံး၊ စာရင်းစစ်ဦးစီးဌာနရုံး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနရုံး၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနရုံး၊ မီးသတ်ဦးစီးဌာနရုံးနှင့် မီးသတ်ယာဉ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံး စုစုပေါင်း ရုံးဌာန ရှစ်ခုအပြင် လူနေအိမ် နှစ်လုံးတို့ကို မီးရှို့ဖျက်ဆီးသွားခဲ့ရာ မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရသည်။

အထက်ပါ မီးလောင်ကျွမ်းမှုများကြောင့် ကာလတန်ဖိုး သိန်း ၂၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရရုံးအဆောက်အအုံများနှင့် အများပြည်သူနေအိမ်များကို တစ်ဖက်သတ် အစွန်းရောက်ဝါဒစွဲအပေါ် အခြေခံကာ အသိဉာဏ်နည်းပါးစွာ မီးရှို့ဖျက်ဆီးခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်အရေးယူနိုင်ရေးနှင့် နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



မြို့နယ်စီမံကိန်းဦးစီးရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



မြို့နယ်စာရင်းစစ်ရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

# ပြည်တွင်းပြည်ပမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ကြရန် သီရိလင်္ကာသမ္မတ တိုက်တွန်း

**ကိုလံဘို ဖေဖော်ဝါရီ ၄**

သီရိလင်္ကာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပြည်ပမှ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း ယနေ့ကျင်းပသော (၇၄)နှစ်မြောက်သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့အခမ်းအနား၌ သမ္မတ ရာဂျာပက်ဆာက ပြောကြားသည်။

ထို့ပြင် ပြည်ပသို့ရောက်ရှိနေသော သီရိလင်္ကာ နိုင်ငံသားများကိုလည်း မိမိနိုင်ငံတွင် ပြန်လည်၍ စီးပွားရေးရင်းနှီးမြှုပ်နှံမှုပြုကြရန် ၎င်းကတိုက်တွန်းခဲ့သည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြီးစားစီမံကိန်းများဆောင်ရွက်ရန် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိပြီး ပြည်တွင်းရှိလုပ်ငန်းများတွင်လည်း ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခေတ်မီနည်းပညာများရရှိကာ နိုင်ငံတကာဈေးကွက်အထိ ရောက်ရှိနိုင်သော အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင်နိုင်ငံအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်စေရန် ဝါဒဖြန့်လှုံ့ဆော်မှုများကိုလည်း နိုင်ငံသားများမှ အသိတရားရှိရှိဖြင့် တိုက်ဖျက်သွားရမည်ဖြစ်ကြောင်း ရာဂျာပက်ဆာက ပြောကြားသည်။ မိမိတို့နိုင်ငံသည် ဗြိတိန်နိုင်ငံအပါအဝင် ဥရောပနိုင်ငံများ၏ သိမ်းပိုက်အုပ်ချုပ်မှုကိုခံခဲ့ရပြီး လွတ်လပ်ရေးရရှိပြီးသော အချိန်၌လည်း ဆယ်စုနှစ်သုံးခုကြာ အကြမ်းဖက်သမားများ၏ရန်ကို တွန်းလှန်ခဲ့ရကြောင်းနှင့် လက်ရှိအချိန်၌ သီရိလင်္ကာနိုင်ငံသည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ သီရိလင်္ကာနိုင်ငံ၏ လွတ်လပ်ရေးနေ့အား ကြီးကျယ်ခမ်းနားသော စစ်ရေးပြအခမ်းအနားဖြင့် ကျင်းပခဲ့ပြီး တပ်မတော်သားများ၊ နိုင်ငံရေးသမားများနှင့် သံတမန်များ တက်ရောက်ခဲ့ကြသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



(၇၃)နှစ်မြောက် သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့အခမ်းအနား၌ သမ္မတ ရာဂျာပက်ဆာက မိန့်ခွန်းပြောကြားစဉ်။



# ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်နှစ်သစ်ကူးပွဲတော်ကာလအတွင်း ခရီးသွားလာသူ ကိုးသိန်းခွဲနီးပါး ရှိလာ

**ဖနောင်ပင် ဖေဖော်ဝါရီ ၄**

ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်နှစ်သစ်ကူးပွဲတော်ကာလဖြစ်သည့် ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အတွင်း ပြည်တွင်းပြည်ပမှ ခရီးသည်များ ခရီးသွားလည်ပတ်မှု မြင့်တက်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး သောင်ခွန်က ယနေ့ပြောကြားသည်။

အဆိုပါကာလအတွင်း ပြည်တွင်းရှိ ခရီးသွား ၉၃၁၃၀၈ ဦးနှင့် ပြည်ပမှ ခရီးသည် ၁၆၁၈၉ ဦးတို့သည် ကမ္ဘောဒီးယားနိုင်ငံအတွင်း ခရီးသွားလာမှုများ ဆောင်ရွက်ခဲ့ကြောင်းနှင့် စုစုပေါင်းခရီးသည်အရေအတွက် ၉၄၇၄၉၇ ဦးရှိခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသည်များ အများဆုံးလာရောက်လည်ပတ်သည့် ထင်ရှားသောနေရာများမှာ မြို့တော်ဖနောင်ပင်၊ နိုင်ငံအနောက်မြောက်ပိုင်း ဆီရန်ရိပြည်နယ်ရှိ အန်ကောရေးဟောင်းသုတေသနဥယျာဉ်နှင့် နိုင်ငံ၏ အနောက်တောင်ပိုင်းရှိ ကီလိုမီတာ ၄၄၀ ရှည်လျားသော ကမ်းခြေများ ပါဝင်သည်။

ကမ္ဘောဒီးယားနိုင်ငံသား ၈၀ ရာခိုင်နှုန်းကျော်သည် တရုတ်နှစ်သစ်ကူးပွဲတော်အား ကျင်းပလေ့ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အိန္ဒိယသမုဒ္ဒရာ ဆူနာမီမုန်တိုင်း အထိမ်းအမှတ်ပြခန်း ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငါခရိုင်၌ ဖွင့်လှစ်

**ဗန်ကောက် ဖေဖော်ဝါရီ ၄**

၂၀၀၄ ခုနှစ်၌ ဖြစ်ပွားခဲ့သော အိန္ဒိယသမုဒ္ဒရာ ဆူနာမီမုန်တိုင်း အထိမ်းအမှတ်ပြခန်းတစ်ခုကို ထိုင်းနိုင်ငံတောင်ပိုင်းဖန်ငါခရိုင်၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**အကူအညီများ ထပ်မံပေးအပ်သွားမည်**

အဆိုပါ ဆူနာမီမုန်တိုင်းတိုက်ခတ်မှုအတွင်း ထိုင်းနိုင်ငံမှ ပြည်သူ ၅၃၀၀ ကျော် သေဆုံးခဲ့သည်။ အဆိုပါပြခန်းကို ဖွင့်လှစ်ရခြင်းမှာ ဆူနာမီမုန်တိုင်း၏ အဖျက်စွမ်းအားကြီးမားမှုကို လာရောက်လေ့လာသူများသိရှိစေရန် အသိပညာပေးခြင်းဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယု ချန်အိုချာက အွန်လိုင်းမှ ပြခန်းဖွင့်ပွဲတက်ရောက်စဉ် ပြောကြားသည်။ ထို့ပြင် အဆိုပါ ဆူနာမီမုန်တိုင်းဒဏ်သင့် ဒေသအား အကူအညီများ ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါပြခန်းတွင် ဆူနာမီမုန်တိုင်းတိုက်ခတ်စဉ်အတွင်း ငါးဖမ်းလှေများ လှိုင်းနှင့်အတူ လွင့်ပါသွားပုံနှင့် ဆူနာမီမုန်တိုင်းဖြစ်ပေါ်လာပုံတို့ကို ရှင်းလင်းပြသထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**




# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ငါးသိန်းကျော် ရှိလာ



**နယူးဒေလီ ဖေဖော်ဝါရီ ၄**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၀၀၀၅၅ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောကြားချက်အရ သိရသည်။

ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၉၃၉၄ ဦးအား ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း အဆိုပါ ရောဂါကူးစက်ခံရသူ ၄၁၉၅၂၇၁၂ ဦးရှိလာကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၁၄၃၅၅၆၉ ဦးရှိပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၀၀၁၇၀၈၈ ဦးရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**


**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၃၈၉၂၄၂၃၆၈ ဦး

သေဆုံးသူ
၅၇၃၃၇၀၉ ဦး

ပြန်လည်ကျန်းမာလာသူ
၃၀၈၄၇၄၇၆၆ ဦး

# အုတ်တွင်း၊ မရမ်းကုန်း၊ တာချီလိတ်နှင့် မိုင်းဆတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ကောင်းပြည့်ထူး၊ ရန်နောင်ထွန်း(ခ)အကြီးကောင်တို့ကို သိမ်းဆည်းရမိသည့်စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အုတ်တွင်းမြို့နယ် လက်ပံခုံကျေးရွာအနီး အုတ်တွင်း-ပေါက်ခေါင်းသွား ကားလမ်းတွင် ကောင်းပြည့်ထူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆၀ နှင့် မြန်မာငွေကျပ် ၂၃၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ မွန်းလွဲ ၂ နာရီခွဲတွင် အုတ်တွင်းမြို့ ကြက်သွန်ခင်း (၂) ရပ်ကွက်နေ ရန်နောင်ထွန်း(ခ)အကြီးကောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၊ မြန်မာငွေကျပ် ၃ ဒသမ ၄၉၆၅ သိန်းနှင့် နေအိမ်ခြံဝင်းအတွင်း ယာဉ်တစ်စီး တို့ကိုလည်းကောင်း။

ထိုနေ့ ည ၁၁ နာရီခွဲတွင် ရန်ကုန် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် အထက်ဗဟိုလမ်းတွင် စွမ်းရည်ထက် (ခ) ကိုရှီးကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ နှင့် အိုက်စ်သုည ဒသမ ၀၀၁၁ ကီလိုတို့ကိုလည်းကောင်း။

**သိမ်းဆည်းရမိ**

ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဆန်နားကျေးရွာနေ အိုက်နွန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၊ အိုက်စ် သုည ဒသမ ၀၃ ကီလို၊ အက်တက်ဆီဆေးပြား နှစ်ပြားနှင့် ARMEL– EGANT ANG – 5 တံဆိပ်ပါ သေနတ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် သုံးတောင့်၊ ပွိုင့် ၂၂ ပြောင်းချောသေနတ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် သုံးတောင့်တို့ကို လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မိုင်းဆတ်မြို့နယ် လွယ်ပါရင် (၁) ကျေးရွာအနီး မိုင်းဆတ်– တာချီလိတ်သွားလမ်းတွင် အိုက်ကွမ် (ခ) စိုင်းကောင် မောင်းနှင်ပြီး စိုင်းနော်လိုက်ပါ လာသည့် ယာဉ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ မော်တော်ယာဉ် အင်ဂျင်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တရားမဝင် သစ်မျိုးစုံ၊ လိုင်စင်မဲ့ယာဉ်၊ စားသောက်ကုန်ပစ္စည်းများနှင့် ကားတာယာများ သိမ်းဆည်းရမိ



တရားမဝင် ကားတာယာများ သိမ်းဆည်းရမိခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၄**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်တွင် မွန်ပြည်နယ် အကောက်ခွန် လှုပ်ရှား စစ်ဆေးရေးအဖွဲ့နှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း တာဝန်ကျ ပူးပေါင်းအဖွဲ့တို့သည် သတင်းအရ ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ၁၂ ဘီး ကုန်တင်ယာဉ်ပေါ်တွင် သွင်းကုန်ကြေညာလွှာ ID ၌ ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ကားတာယာမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Profia ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း။

ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောတင်ဆောင်လာပြီး တရားဝင် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တန့်ဆည်မြို့နယ်တွင် တရားမဝင် တင်ဆောင်လာသော နွား ၃၄ ကောင် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၀၀၀၀၀၀)အား တိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ လည်းကောင်း၊ စစ်ကိုင်းမြို့နယ်တွင် (လိုင်စင်မဲ့) HONDA FIT ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) အား ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာနကဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွန်းသစ်(ဖုံတို/တိုင်) ၃ ဒသမ ၁၆၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀ ကို သစ်တော ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၅၈၅၀၀၀)အား သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနကဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သာယာဝတီခရိုင်သစ်တောကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ် ၁ ဒသမ ၂၀၄၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၆၀၀) သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်များတွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၇၆၅၆၀၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၂-၂၀၂၂ | စနေနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရ္ဇသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၆:၄၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၁၀ | ရှုလေမြင်လေကမ္ဘာမြေ |
| ၀၉:၃၀ | စိန်ရတုပြည်ထောင်စုနေ့ ဝှက်ပြတေး | ၁၇:၂၅ | စည်းလုံးခြင်းသည်အင်အား |
| ၀၉:၃၅ | ခေတ်အလိုက်ကြေးမုံပြင် "မြန်မာ့ပန်းချီပြခန်း" (အပိုင်း–၂) | ၁၇:၃၀ | အလှပြာဝေငွေတောင်ပြည် |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၀:၃၀ | လူငယ်မျိုးဆက်သစ်အစီအစဉ် | ၁၈:၃၀ | သုတဝေဖြာသီရိဂေဟာ |
| ၁၁:၁၅ | ကယားတိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေးများ | ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "အမှန်တရားရဲ့ရှုမြို့ငွက်ချက်" (အပိုင်း–၆၀) |
| ၁၁:၄၀ | ကယားရိုးရာအစားအစာမုန့်ညင်းချဉ်နှင့်ဝက်ရိုးဟင်း | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၃:၃၀ | MRTV National News | ၂၁:၀၀ | စိန်ရတုပြည်ထောင်စုလှူရှင်တော်ဖလား ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအဆင့်ပွဲစဉ်) |
| ၁၅:၀၅ | ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု | | |
| ၁၅:၃၅ | စိန်ရတုပြည်ထောင်စုနေ့ ဝှက်ပြတေး | | |
| ၁၆:၃၅ | ပုံပြင်ကမ္ဘာအစီအစဉ် | | |

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

| | |
|---|---|
| 07:01 | Union Blood (Pann Nu Yin, Pann Su Thwin) |
| 07:07 | Weekly Review |
| 07:23 | Natural Mineral Water |
| 07:39 | Myanmar Designer Studio: Yone Yone |
| 08:01 | Quiz Time (Ep-7) |
| 09:01 | News |
| 09:26 | Global Partnership for Brighter Future: Costa Rita Pavilion at Expo 2020 Dubai |
| 09:35 | Tahbuhla Dam & Oakkan Chaungtha |
| 09:46 | Finding Ways for Coexistence between People and Elephants |
| 10:01 | Licuala Palm Leaf |
| 10:10 | Chef Life: Ce'dric Davoine (French Chef) |
| 10:34 | Myanmar's Traditions and Culture: Caves of Myanmar |

**MRTV NRC**

**စကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သဲသောမှသဲသောအားရေတံခွန်သို့ အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ (အပိုင်း–၃)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဘိုးဘိုးရဲ့အနုပညာတန်ဖိုးလက်ရာ

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
စီးပွားဖြစ်လာသည့်ချင်းရိုးရာအထည်လုပ်ငန်း

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
နိုင်းယှဉ်သုံးမစကားပုံများ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ရောင်စုံပန်းတို့ရဲ့ဒိုင်ယာရီ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
လေးရှင်းတောင်မီးပြတိုက်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း–၁)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဝရိုးရာခေါ်ပုတ်ထောင်းနည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဂြက်ဆန်လျော်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ပန်ပက်ကျေးရွာမှကယန်းတိုင်းရင်းသားများ

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ပြည်သူ့ဝန်ထမ်း" |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း–၃) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း(သီရိလင်္ကာနိုင်ငံ) (အပိုင်း–၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း–၃) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ပုလဲမြို့နယ် အင်မထီးကျေးရွာရှိနေအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုနှင့် ပတ်သက်၍ ဆက်သွယ်မေးမြန်းချက်



ဒေသခံ ကျေးရွာသားတစ်ဦး



သေဆုံးသူအမျိုးသမီး၏ ခင်ပွန်း



ဒေသခံရွာသား ဖခင်တစ်ဦး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် အင်မထီးကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ စခန်းနှင့် ကျေးရွာအနီးတစ်ဝိုက်သို့ ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက ရွာ၏တောင်ဘက်နှင့် အရှေ့တောင်ဘက်တို့မှ အင်အားအလုံးအရင်းဖြင့် ချဉ်းကပ်တိုက်ခိုက်လာခဲ့ပြီး ကျေးရွာနေအိမ်များကို မီးရှို့ဖျက်ဆီးထွက်ပြေးသွားခဲ့သည်။

**ဝါဒဖြန့်ရေးသား**

ထိုကဲ့သို့ ကျေးရွာတွင်းရှိ နေအိမ်များကို အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့ခြင်းဖြစ်သော်လည်း အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၊ ၎င်းတို့၏ လက်ဝေခံလူပုဂ္ဂိုလ်အချို့နှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ပြည်ဖျက်မီဒီယာအချို့တို့က လူမှုကွန်ရက်စာမျက်နှာများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သကဲ့သို့ မဟုတ်မမှန် သတင်းအမှားများကို ဝါဒဖြန့် ရေးသားလျက်ရှိသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မိသားစုဝင်များကို အမျိုးမျိုးခြိမ်းခြောက်၍ မိသားစုဝင်ထဲမှ သက်ကြီးရွယ်အိုအဘိုးအိုကို မီးလောင်နေသည့်အထဲသို့ ထည့်ပြီး သတ်ဖြတ်သွားခဲ့သည့်အပြင် နေအိမ်ကိုပါ မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် အိုးအိမ်နှင့် စည်းစိမ်ကို သာမက မိသားစုဝင်၏အသက်ကိုပါ ပေးခဲ့ရသည့် ဒေသခံ ကျေးရွာသားတစ်ဦး၏ ရင်နင့်ဖွယ် စကားသံများကို ယခုကဲ့သို့ ကြားသိရသည်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် အင်မထီးကျေးရွာက ပြည်သူ့စစ်ကာကွယ်ရေးထဲကိုဝင်ထားတဲ့ တပ်သားတစ်ဦးဖြစ်ပါတယ်။ ကျွန်တော် ဒီတပ်ထဲကိုဝင်တယ်ဆိုကတည်းက PDF အဖွဲ့က ကျွန်တော့်ဆီကို လှမ်းပြီး အမျိုးမျိုးခြိမ်းခြောက်တယ်။ ခြိမ်းခြောက်ပြီး မင်းမိသားစုဝင်တွေ ဒုက္ခရောက်သွားမယ်လို့ သူတို့က ပြောတယ်။ ကျွန်တော့်ရဲ့မိသားစုဝင်တွေထဲက ဦးလေးတစ်ယောက်ကို ဟိုဘက်ရွာကို ကယ်ထုတ်ခဲ့တယ်။ ကယ်ထုတ်ရမယ့်သူက နှစ်ယောက်ဆိုတော့ ကျွန်တော်တို့က ကျွန်တော့်ဦးလေးတစ်ယောက်ပဲ ကယ်ထုတ်သွားနိုင်ခဲ့တယ်။ ဦးလေးကို ဟိုဘက်ရွာကို ကယ်ထုတ်ပြီးကာမှ ဒီဘက်ကို လာပြန်ကယ်မယ်ဆိုတော့ သူကမရှိတော့ဘူး။ သူတို့တွေက သူ့ကို မီးလောင်နေတဲ့ တဲထဲကို ပစ်ပြီးထည့်သွားတယ်။ သူတို့ပြောတော့ ပုလဲနယ် PDF က အင်မထီးရွာရဲ့ လုံခြုံရေးပါလို့ သူတို့ပြောခဲ့တယ်။ ဘာတွေလုံခြုံတာလဲ။

ထို့ပြင် အင်မထီးကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာသတ်ဖြတ်၍ နေအိမ်များနှင့် ရာသီသီးနှံများပါမကျန် မီးရှို့သည့်အပြင် အပြစ်မဲ့ ဇနီးဖြစ်သူကိုပါ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့မှုကိုလည်း ဒေသခံရွာသား သေဆုံးသူအမျိုးသမီး၏ ခင်ပွန်းထံမှ ယခုကဲ့သို့ ကြားသိရသည်။

**မီးရှို့ဖျက်ဆီးသွား**

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ပုလဲမြို့နယ် အင်မထီးကျေးရွာက ရိုးရိုးသားသားနဲ့ လုပ်ကိုင်စားနေတဲ့ တောင်သူတစ်ဦးပါ။ ကျွန်တော့်မှာ အသက် ၈၀ ကျော်အဘွားကြီးနဲ့ သားသမီး သုံးယောက်ရှိပြီး ရိုးရိုးသားသားနဲ့ တောင်သူလုပ်ကိုင်စားသောက်နေတာပါ။ ဒါပေမဲ့ ပြည်သူ့စစ်ထဲဝင်တာ မကျေနပ်လို့ဆိုပြီး ဇန်နဝါရီ ၃၀ ရက်နေ့ ၄ နာရီလောက်က ရွာထဲကိုဝင်ပြီး အပြစ်မဲ့ ပြည်သူတွေနဲ့ ကျွန်တော့်အိမ်တင်မကဘဲ အိမ်ခြေ ၂၀၀ ကျော်လောက်ကို အကုန်မီးရှို့ဖျက်ဆီးသွားပါတယ်။ မီးရှို့ဖျက်ဆီးရုံတင်မကဘဲ ကျွန်တော့်မိန်းမကိုလည်း ဘာမှအပြစ်မရှိဘဲနဲ့ သတ်ဖြတ်သွားခဲ့ပါတယ်။ ဒီနေရာက ကျွန်တော် ဒီနှစ်ရတဲ့သီးနှံတွေထားတဲ့နေရာပါ။ စပါး၊ ပဲစင်းငုံ၊ နှမ်း၊ နေကြာ ကျွန်တော်လုပ်ထားတာ ကျွန်တော်တောင် မစားလိုက်ရပါဘူး။ တကယ်လည်း ဝမ်းနည်းပါတယ်။ ကျွန်တော်တို့ဘာမှ မသိနားမလည်တဲ့ အပြစ်မရှိတဲ့ ပြည်သူတွေကို ဒီလိုလုပ်တာကတော့ မတရားဘူးလို့ ထင်ပါတယ်။ ကျွန်တော်ခုဆိုရင် သားသမီးသုံးယောက်ပညာရေး တစ်ပိုင်းတစ်စနဲ့ လုပ်ကိုင်စားစရာလည်း မရှိတော့ပါဘူး။ ကိုယ်ချင်းစာကြပါ။ ကျွန်တော်တို့ ဘာလုပ်နေ လို့လဲ။ ကိုယ့်ဟာကိုယ် ရိုးရိုးသားသား တောင်သူ လုပ်ကိုင်စားတာပါ။ မြင်မကောင်းဘူး ဆေးလေး တိုက်စရာမရှိဘူး။ ကျွန်တော်တို့ အခက်အခဲတွေကိုကြည့်ပြီး ကိုယ်ချင်းစာပေးကြပါလို့ PDF အဖွဲ့တွေကို ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့ကို ဘာအပြစ်ရှိလို့ ဒီလိုလုပ်တာလဲပေါ့။ နောက်နောင် ဒီအဖြစ်မျိုးကြီးနဲ့ မကြုံရအောင် ကျွန်တော်တို့ကို ကူညီပေးပါ။ အပြစ်မရှိပါဘူး။ တောင်သူ ရိုးရိုးသားသား လုပ်ကိုင်နေတာပါ။

အလားတူ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မိသားစုဝင်များကို အမျိုးမျိုးခြိမ်းခြောက်ခဲ့ပြီး အပြစ်မဲ့ပြည်သူများကို ရက်စက်စွာသတ်ဖြတ်၍ နေအိမ်များနှင့် ရာသီသီးနှံများပါမကျန် မီးရှို့ခဲ့ကာ ကျန်းမာရေးနှင့် စားရေရိက္ခာအတွက် သွားရောက်ဝယ်ယူရန်လမ်းကြောင်းများကိုလည်း ပိတ်ဆို့ထားသည့်အပြင် သားဖြစ်သူပါ သတ်ဖြတ်ခြင်းခံခဲ့ရသည့် ဒေသခံရွာသား ဖခင် တစ်ဦး၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရသည်။

**ယူကြုံးမရ**

ကျွန်တော်က စစ်ကိုင်းတိုင်း ယင်းမာပင်ခရိုင် ပုလဲမြို့နယ် အင်မထီးကျေးရွာကပါ။ ဒီ PDF တွေနဲ့ ဆိုတော့ နေလို့ကမရဘူး။ ဘယ်လိုမှမရတော့ မောင်ကျော်လှိုင်တို့၊ ဦးအေးဝင်းတို့၊ မောင်ဌေးလွင်တို့ကလည်း တစ်ခါတည်း ပြေးကြရတာပေါ့။ နောက်တော့ အခုပြောသလို လုံခြုံရေးဖွဲ့ပြီးတော့ ဒီကိုလာလိုက်တဲ့အခါမှ ကျွန်တော်တို့လည်းအားတွေရှိသွားတာပါ။ ကျွန်တော့်သားကလည်း သူတို့လည်း ရောက်ရော PDF အသတ်ခံရပြီး သေပါတယ်။ ကျွန်တော့်ဘဝကလည်း မိန်းမသေတာကလည်း သုံးလလောက်ပဲရှိပါသေးတယ်။ အခု သားကလည်း အခုလိုဖြစ်တယ်ဆိုတော့ ယူကြုံးမရ အရူးလိုကျုပ်ဖြစ်နေတာပေါ့။ ဒီမှာလည်း အခုပြောသလို ဈေးလည်းဝယ်ချင်ရင် ဝယ်မရဘူး။ လမ်းကြောတွေ အကုန်လုံးပိတ်ပြီး ဘယ်လိုမှ လုပ်လို့မရဘူး။ ဇမာလို လပြည့်ကျော် ၁၄ ရက်နေ့မှာ PDF တွေ လူပေါင်း ၃၀၀ ကျော်လောက်က ရောက်လာပြီး ကျွန်တော်တို့ ရွာကို မီးရှို့သွားပါတယ်။ နည်းနည်းပါးပါးလောက်ပဲ ကျန်ပါတယ်။ လပြည့်ကျော် ၁၄ ရက်နေ့ ၄ နာရီလောက်က PDF ၃၀၀ ကျော်လောက်က ရွာကို ရောက်လာပြီး လက်နက်ကြီး၊ လက်နက်ငယ်နဲ့ ပစ်ခတ်ကာ မီးရှို့တဲ့သူကရှို့၊ ပစ်တဲ့သူက ပစ်ဆိုတော့ ကျွန်တော်တို့ ဘယ်လိုမှမတတ်နိုင်လို့ အခုလို ခံလိုက်ရတာပါ။

**စီစဉ်ဆောင်ရွက်ပေး**

အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ခဲ့သည့် အင်မထီးကျေးရွာသို့ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် အဖွဲ့ဝင်များက သွားရောက်၍ ဒေသခံကျေးရွာသူ ကျေးရွာသားများအား ကျေးရွာစာသင်ကျောင်း၌ တွေ့ဆုံအားပေး စကားပြောကြားပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများအား နေအိမ်များတွင် အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရန် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူလူထုအနေဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့် ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်နေ စောအောင်ကျော်မြင့်သည် ၎င်းအသုံးပြုသည့် “Saw Aung Kyaw Myint” Facebook အကောင့်၊ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၄)ရပ်ကွက်နေ တင့်လွင်(ခ)ကိုတင့်(၄၀)နှစ်သည် ၎င်းအသုံးပြုသည့် “Ko Tint,Ko Ngal,Min Lay” Facebook အကောင့်၊ ဘားအံမြို့နယ် အမှတ်(၅)ရပ်ကွက်နေ မြင့်နိုင်(၅၅)နှစ်သည် ၎င်းအသုံးပြုသည့် “Myint Naing” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နေ ဆွေဆွေထက်(ခ)ပိုးပိုးသည် ၎င်းအသုံးပြုသည့် “Poe Poe” Facebook အကောင့်၊ တောင်ငူမြို့နယ်နေ ကျော်စွာလင်းသည် ၎င်းအသုံးပြုသည့် “Kyaw Swar Lwin(ice)” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ ဝင်းသန့်ဦးသည် ၎င်းအသုံးပြုသည့် “Win Thant Oo” Facebook အကောင့်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၅)ရပ်ကွက်နေ အောင်မျိုးဆင့်(ခ)ဗိုလ်ဝ(၃၈)နှစ်သည့် ၎င်းအသုံးပြုသည့် “Bo Wa” Facebook အကောင့်၊ ကမာရွတ်မြို့နယ်နေ ဇင်ကိုကိုအောင်(၂၀)နှစ်သည် ၎င်းအသုံးပြုသည့် “Zinko Koaung” Facebook အကောင့်၊ လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် အမှတ်(၁၂၅)နေ တင်နွယ်နွယ်(ခ) မနွယ်(၄၅)နှစ်သည် ၎င်းအသုံးပြုသည့် “Ma Nwe”Facebook အကောင့်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂)ရပ်ကွက် အမှတ်(၁၆၇၃/ခ)နေ ယဉ်ယဉ်နွဲ့(၄၅)နှစ်သည် ၎င်းအသုံးပြုသည့် “Yin Yin Nawe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူတို့အတွက် သူတစ်ပါးထိခိုက်မှုအာမခံ

သစ္စာ(MNA)

**မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုပေးနေသည့် သူတစ်ပါးထိခိုက်မှုအာမခံအကြောင်းကိုမသိသေးသော ပြည်သူများစွာရှိနေသည်။ သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံပေးသွင်းမှု မှတ်တမ်းစာအုပ်ဖြစ်သော စာအုပ်အစိမ်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်လိုင်စင်သက်တမ်းတိုးချိန်တွင် လိုအပ်သည့်မော်တော်ယာဉ် ပရီမီယံစာအုပ်ဟုသာ အလွယ်တကူသိထားကြသည်။ မည်သည့်အတွက်ကြောင့် ပရီမီယံဆောင်ရသည်၊ ပရီမီယံပေးဆောင်ခြင်းမှ မည်သည့်အကျိုးကျေးဇူးရှိစေသည် စသည်တို့ကို သိရှိသူနည်းပါးလျက်ရှိသည်။ ပြည်သူတို့ ထိခိုက်နစ်နာမှုအတွက် ရရှိသည့်အခွင့်အရေးများ မသိကြသည့်အတွက် နစ်နာမှုများရှိသည့်အပြင် အချို့သော ယာဉ်ပိုင်ရှင်များသည်လည်း ပရီမီယံပေးရခြင်းကို အကျိုးမရှိ အလဟဿ ကောက်ခံနေသည့်လုပ်ငန်းဟု ထင်မြင်သူများလည်းရှိသည်။ သူတစ်ပါးထိခိုက်မှုအာမခံဆိုသည်မှာ မိမိ၏စက်တပ်ယာဉ်ကြောင့် သူတစ်ပါးသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရခဲ့လျှင် နစ်နာကြေးငွေပေးချေနိုင်မည့် အာမခံအမျိုးအစားတစ်မျိုးဖြစ်သည်။**

### ပရီမီယံပေးဆောင်ရသည့်အကြောင်းရင်း

သူတစ်ပါးထိခိုက်မှုအာမခံသည် နိုင်ငံတကာနည်းတူ ၁၉၇၆ ခုနှစ် ဇူလိုင် ၁ ရက် သူတစ်ပါးထိခိုက်မှုအာမခံ နည်းဥပဒေအရ မထားမနေရထားရှိရခြင်းဖြစ်သည်။ စက်တပ်ယာဉ်ဖြင့် မတော်တဆထိခိုက်မှုကြောင့် သေဆုံးသူ၊ ဒဏ်ရာရသူ၊ ပစ္စည်းဆုံးရှုံးခြင်းခံရသည့် နစ်နာသူများအတွက် စက်တပ်ယာဉ်ပိုင်ရှင်မှ ပေးလျော်ရန်တာဝန်ရှိရာ ထိုပေးလျော်ရန်တာဝန်ကို မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ပခုံးပြောင်းတာဝန်ယူသည့်စနစ်ဖြစ်သည်။

### စက်တပ်ယာဉ်

စက်တပ်ယာဉ်ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားစွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍ မောင်းနှင်ရွေ့လျားနိုင်သော ယာဉ်နှင့်ယန္တရားများကို ဆိုလိုသည်။ စက်တပ်ယာဉ်များတွင် မီးရထား၊ ရေယာဉ်၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်တပ်စက်ဘီး၊ လယ်ထွန်စက်၊ မြေတူးစက်၊ မြေသယ်စက်၊ လမ်းကြိတ်စက်၊ ဝန်ချီစက်နှင့် အလားတူစက်များအားလုံး ပါဝင်ခြင်းဖြစ်သည်။

### နစ်နာသူ

နစ်နာသူဆိုသည်မှာ အာမခံထားသည့် စက်တပ်ယာဉ်ကြောင့် သေဆုံးသူ၊ ဒဏ်ရာရသူ (သို့မဟုတ်) ပစ္စည်းပျက်စီးဆုံးရှုံးသူကို ဆိုလိုသည်။ အဆိုပါနစ်နာသူစကားရပ်တွင် သေဆုံးသူ၏ တရားဝင် အကျိုးခံစားခွင့်ရှိသူလည်း ပါဝင်သည်။

### သူတစ်ပါး

သူတစ်ပါးဆိုသည်မှာ သူတစ်ပါးထိခိုက်မှုအာမခံထားသူ( ဥပမာမော်တော်ယာဉ်ပိုင်ရှင်)နှင့် သူတစ်ပါးထိခိုက်မှု အာမခံလက်ခံသူ(မြန်မာ့အာမခံလုပ်ငန်း)မှ ကျန်ပုဂ္ဂိုလ်ကိုဆိုလိုခြင်းဖြစ်သည်။

### နစ်နာကြေး

နစ်နာကြေးဆိုသည်မှာ နစ်နာသူကိုထုတ်ပေးရန် မြန်မာ့အာမခံလုပ်ငန်းက သတ်မှတ်ထားသော ငွေကြေးကို ဆိုလိုခြင်းဖြစ်သည်။

### ပြည်သူများသိရှိရန်

နစ်နာသူသည် မိမိကိုယ်တိုင်အာမခံဝယ်ယူထားခြင်းမရှိဘဲ နစ်နာကြေး (လျော်ကြေး) တောင်းခံနိုင်ခြင်း ရှိ၊ မရှိ နှင့်စပ်လျဉ်း၍ အာမခံဝယ်ယူထားသူသည် ယာဉ်ကိုအာမခံအကာအကွယ်ပေးထားခြင်းမဟုတ်ဘဲ ထိုယာဉ်ကြောင့် ထိခိုက်နစ်နာသေဆုံးရသည့်ပြည်သူများ ငွေကြေးနစ်နာမှုအတွက် ပေးလျော်နေသည့် နစ်နာကြေးဖြစ်သည်။ သို့ရာတွင် ထိုယာဉ်ကိုမောင်းနှင်သည့် ယာဉ်မောင်းထိခိုက်သေဆုံးခဲ့ပါက သတ်မှတ်လိုင်စင်(ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်) ကိုင်ဆောင်ထားလျှင် နစ်နာကြေးတောင်းခံနိုင်သည်။ ထို့အတူ အဆိုပါယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသူများ ယာဉ်ထိခိုက်မှုကြောင့် သေဆုံးမှု၊ ဒဏ်ရာရရှိမှုဖြစ်ခဲ့ပါက စီးနင်းလိုက်ပါလာသူတို့အတွက် နစ်နာကြေးတောင်းခံနိုင်သည်။ လိုင်စင်မဲ့ယာဉ်ဖြင့် (လိုင်စင်မဲ့ကား၊ လိုင်စင်မဲ့ဆိုင်ကယ်) ထိခိုက်သေဆုံးလျှင် နစ်နာသူမှနစ်နာကြေးတောင်းခံနိုင်သည်။ သို့ရာတွင် လိုင်စင်မဲ့ယာဉ်ကိုကိုယ်တိုင်စီးနင်းမောင်းနှင်ခြင်း၊ ဆိုင်ကယ်မစီးရနယ်မြေတွင် စီးနင်းမောင်းနှင်ခြင်း၊ အမြန်လမ်းတွင် ဆိုင်ကယ်စီးနင်းခြင်း၊ သတ်မှတ်ထားသောနေရာမှ လမ်းဖြတ်ကူးခြင်းမဟုတ်ခြင်းကြောင့် တားမြစ်ထားသည့်ဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ကျူးလွန်ခြင်းဖြစ်သည့်အတွက် နစ်နာကြေးမရနိုင်ကြောင်းကိုလည်း သတိပြုရမည်ဖြစ်သည်။




သူတစ်ပါးထိခိုက်မှုအာမခံ နစ်နာကြေး ပြည်သူများအား ထုတ်ပေးနေစဉ်။

### ပစ္စည်းများပျက်စီးမှုကြောင့် တောင်းခံလိုလျှင်

ပစ္စည်းများပျက်စီးမှုနှင့် ပတ်သက်၍ တောင်းခံလိုပါက အဆိုပါပျက်စီးသွားသောပစ္စည်းသည် စက်တပ်ယာဉ်ပေါ်တွင်တင်ဆောင်သယ်ဆောင်ထားသည့်ပစ္စည်း(သို့မဟုတ်) နစ်နာသူနှင့်အတူပါရှိသော စိန်၊ ရွှေ၊ ငွေ၊ ရတနာ နှင့် ခရီးသွား အသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်းနှင့် သက်ဆိုင်မှုမရှိပေ။ စက်တပ်ယာဉ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော သူတစ်ပါး (Third Party) ၏ပစ္စည်းပျက်စီးဆုံးရှုံးမှုအတွက် တောင်းခံနိုင်သည့် နစ်နာကြေးငွေပမာဏသည် အများဆုံးကျပ် ငါးသိန်းဖြစ်သည်။ အကယ်၍ သေဆုံးသူအတွက် နစ်နာကြေးတောင်းခံမည်ဆိုပါက နစ်နာကြေးတောင်းခံလွှာပုံစံ၊ ပြည်သူ့ဆေးရုံမှ ဆေးအစီရင်ခံစာပုံစံ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အစီရင်ခံစာပုံစံ၊ သေစာရင်း (သို့မဟုတ်)ရင်ခွဲမှတ်တမ်းမိတ္တူ၊ တောင်းခံသူ၏ နိုင်ငံသားကတ်မိတ္တူ၊ နေထိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ သေဆုံးသူနှင့်တောင်းခံသူပါရှိသော အိမ်ထောင်စုစာရင်းမိတ္တူ၊ ထိခိုက်မှုဖြစ်ပွားသည့် ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများပါရှိရမည်ဖြစ်သည်။ ဒဏ်ရာရရှိမှုအတွက် နစ်နာကြေးတောင်းခံရာ၌ နစ်နာကြေးတောင်းခံလွှာပုံစံ၊ ပြည်သူ့ဆေးရုံမှ ဆေးအစီရင်ခံစာပုံစံ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အစီရင်ခံစာပုံစံ၊ တောင်းခံသူ၏နိုင်ငံသားကတ်မိတ္တူ၊ နေထိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ထိခိုက်မှုဖြစ်ပွားသည့် ယာဉ်နှင့်ပတ်သက်သောစာရွက်စာတမ်းများ ပါရှိရမည်ဖြစ်သည်။

ပစ္စည်းပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေးတောင်းခံရာတွင် လိုအပ်သည့်ပုံစံမှာ နစ်နာကြေးတောင်းခံလွှာပုံစံ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အစီရင်ခံစာပုံစံ၊ တောင်းခံသူ၏နိုင်ငံသားကတ်မိတ္တူ၊ နေထိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ထိခိုက်မှုဖြစ်ပွားသည့်ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများပါရှိရမည်ဖြစ်ပြီး အဆိုပါ နစ်နာကြေးတောင်းခံသည့်ပုံစံများကို မြန်မာနိုင်ငံအာမခံလုပ်ငန်းရုံးချုပ်နှင့် ရုံးခွဲ(၃၉)တွင် အခမဲ့ရယူနိုင်ပြီး မြန်မာ့အာမခံလုပ်ငန်း website (www.mminsurance.gov.mm) တို့တွင် download ရယူနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိသည်။

### နေ့ချင်းပြီးဝန်ဆောင်မှုပေး

ထိခိုက်မှုကြောင့် သေဆုံးမှုဖြစ်ပွားပါက သေဆုံးသည့်နေ့မှ ၁၂ လ၊ ဒဏ်ရာရရှိပါက ထိခိုက်မှုဖြစ်ပွားသည့်နေ့မှ ၂၄ လ၊ ပစ္စည်းပျက်စီးဆုံးရှုံးလျှင် ထိခိုက်ပျက်စီးမှုဖြစ်ပွားသည့်နေ့မှ ၁၂ လ အတွင်း နစ်နာကြေးတောင်းခံနိုင်သည်။

စာမျက်နှာ ၁၇ သို့ ✪



မြန်မာ့အာမခံလုပ်ငန်း ငွေသွင်းကောင်တာတွင် ပရီမီယံကြေးပေးသွင်းနေစဉ်။

**“နစ်နာသူသည် မိမိကိုယ်တိုင်အာမခံဝယ်ယူထားခြင်းမရှိဘဲ နစ်နာကြေး (လျော်ကြေး) တောင်းခံနိုင်ခြင်း ရှိ၊ မရှိ နှင့်စပ်လျဉ်း၍ အာမခံဝယ်ယူထားသူသည် ယာဉ်ကိုအာမခံအကာအကွယ်ပေးထားခြင်းမဟုတ်ဘဲ ထိုယာဉ်ကြောင့် ထိခိုက်နစ်နာသေဆုံးရသည့် ပြည်သူများ ငွေကြေးနစ်နာမှုအတွက် ပေးလျော်နေသည့် နစ်နာကြေးဖြစ်သည်။ သို့ရာတွင် ထိုယာဉ်ကိုမောင်းနှင်သည့်ယာဉ်မောင်း ထိခိုက်သေဆုံးခဲ့ပါက သတ်မှတ်လိုင်စင်(ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်) ကိုင်ဆောင်ထားလျှင် နစ်နာကြေးတောင်းခံနိုင်သည်။ ထို့အတူ အဆိုပါယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသူများ ယာဉ်ထိခိုက်မှုကြောင့် သေဆုံးမှု၊ ဒဏ်ရာရရှိမှုဖြစ်ခဲ့ပါက စီးနင်းလိုက်ပါလာသူတို့အတွက် နစ်နာကြေးတောင်းခံနိုင်”**

# ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။

နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "ငြိမ်းချမ်းသောပြည်ထောင်စုဆီ"မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်(ဖေဖော်ဝါရီလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ ထက်ဝေအောင်(စစ်ကိုင်း)တို့၏ "ငြိမ်းချမ်းသောပြည်ထောင်စုဆီ" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီမော်သိမ်း၊ သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ နေသူရိန်၊ တွဲဖက်ပါမောက္ခဦးလွင်မြင့်၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်၊ ကျော်ဝင်းဟိန်း(ပခုက္ကူ)တို့၏ လူငယ်ရေးရာ ဆောင်းပါးများ၊ မောင်ပေါ်ထွန်း၊ အောင်မြတ်စည်သူတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ အေးထွန်းမင်း၊ ပါမောက္ခကိုကိုအောင်တို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ စောနိုင်(အသုံးချဘောဂဗေဒ)၏ စီးပွားရေးဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)၊ စိုးစိုး(ပန်းတောင်း)တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ရန်ကုန်ဌေးဇော်၊ မြသိန်းတို့၏ လူသားချင်းစာနာမှုဆိုင်ရာ ဆောင်းပါးများ၊ ဝင်းထွဋ်ဦး၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ နိုင်သောင်းထွဋ်၊ ဆောင်းဝင်းလတ်၊ ကိုရင်ကျော်၊ မြတ်လေးမြင့်မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။




**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဖေဖော်ဝါရီ ၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄)၊ အမှတ်(၆)၌ အလွန်ဒေါသကြီးသော မောင်ရိုးအကြောင်း ရေးဖွဲ့ထားသည့် "ဒေါသကုမ္ဘဏ် မောင်ရိုး" မျက်နှာဖုံးကာတွန်း၊ လူတို့ နေ့စဉ်ရှူရှိုက်နေသော လေထုအကြောင်းနှင့် ခန္ဓာကိုယ်၏ အသက်ရှူသွင်းရှူထုတ်လုပ်ပုံ လုပ်ငန်းစဉ်အကြောင်းကို ကျန်းမာရေးဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "အသက်ရှူသွင်းရှူထုတ်ခြင်း" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ပါဝင်သရုပ်ဖော်ထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မိမိလုပ်သောအလုပ်ကို အကောင်းဆုံး လုပ်ဆောင်ပါက ရလဒ်ကောင်းများ ရရှိနိုင်ပုံအကြောင်းကို တင်ဆက်ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ တကယ်ကြိုးစားပါက ဘယ်အချိန် ဘယ်အရွယ်မဆို သင်ယူတတ်မြောက်နိုင်ကြောင်းကို ရဟန်းကြီးတစ်ပါးက သက်သေပြလိုက်ပုံအကြောင်း ရေးဖွဲ့ထားသည့် "ပညာလို အိုသည်မရှိပါ" ပုံပြင်ကဏ္ဍ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်နေသော လူငယ်လေးတစ်ယောက်အကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးသား" တစ်မျက်နှာကာတွန်း၊ သင်္ချာကို အမြဲတွက်ချက်သောအလေ့အကျင့်ကို လုပ်တော့မည်ဆိုသော စတုတ္ထတန်းကျောင်းသားလေး မောင်မောင်တင်အကြောင်းကို တင်ဆက်ထားသည့် "စိတ်တွက်သင်္ချာ"ဝတ္ထုကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စာစကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၃၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




**သတင်းစဉ်**

# ပို့ကုန်အမယ်သစ်အဖြစ် ပြည်ပဈေးကွက်တွင် အရောင်းသွက်နေသည့် ပဲဇီးကွက်များ မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာ

**မန္တလေး ဖေဖော်ဝါရီ ၄**

၂၀၂၂ ခုနှစ် ပဲရာသီအတွက် မန္တလေးပဲဈေးကွက်အတွင်းသို့ ပို့ကုန်အမယ်သစ်အဖြစ် ပြည်ပဈေးကွက်တွင် အရောင်းသွက်နေသည့် မြန်မာ့လယ်ယာထွက်ကုန် ပဲဇီးကွက်များ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

## ဝင်ရောက်လျက်ရှိ

အဆိုပါ ပဲဇီးကွက်သည် စတင်ထွက်ရှိသည့် ဇန်နဝါရီလမှစ၍ ယခုအချိန်ထိ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လျက်ရှိနေကြောင်း၊ ယင်းပဲဇီးကွက်များကို ဒုဋ္ဌဝတီမြစ်ကမ်းဘေးရှိ ပုသိမ်ကြီး၊ ဧရာဝတီမြစ်ကမ်းဘေးရှိ မတ္တရာ၊ စဉ့်ကူးဒေသများမှ ဝင်ရောက်လာကာ ပြီးခဲ့သည့်နှစ် ကာလတူအချိန်က ပဲဇီးကွက်သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ဈေးရှိခဲ့သော်လည်း ယခုပေါက်ဈေးအနေဖြင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ဈေးရှိနေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ပဲဇီးကွက်က ဒီနှစ် စထွက်ထွက်ခြင်းမှာ ဈေးက ကျမသွားဘဲနဲ့ တက်ဈေး အမြင့်ဈေးမှာပဲ ရပ်တည်နေတယ်။ ဇီးကွက်နဲ့ ပုံသဏ္ဌာန်တူလို့ ဈေးကွက်ထဲမှာ ပဲဇီးကွက်လို့ ခေါ်တွင်လာတာဖြစ်တယ်။ ကျောက်ဆည်နယ်ဘက်တွေမှာတော့ ပဲဇီးကွက်ကို လာဘ်ကောင်ပဲလို့ ခေါ်ကြတယ်။ ပဲဇီးကွက်ဟာ လွန်ခဲ့တဲ့လေးနှစ်လောက်ကစပြီး တရုတ်ပြည်ကို စမ်းသပ်တင်ပို့ခဲ့တဲ့အခါမှာ စားသုံးသူတွေ ကြိုက်နှစ်သက်တဲ့အတွက် ပို့ကုန်အမယ်သစ် အနေနဲ့ ဈေးကွက်ထဲဝင်ရောက်ပြီးတော့ ခေတ်စားလာတာဟာ ပြီးခဲ့တဲ့နှစ် ၂၀၂၁ ခုနှစ်မှာ သိသာထင်ရှားဆုံးဖြစ်တယ်။ ဒီနှစ်အနေနဲ့လည်း အမယ်သစ်ပဲဇီးကွက်ကို တရုတ်ပြည် ဈေးကွက်ထဲမှာ တွင်တွင်ကျယ်ကျယ်နဲ့ ရသလောက်ဝယ်ယူနေတာကို တွေ့ရပါတယ်။ မတ်ပဲ၊ ပဲစင်းငုံနဲ့ နှမ်းစတဲ့ သမားရိုးကျတင်ပို့တဲ့ ပစ္စည်းတွေအပြင် ခုလို ပဲဇီးကွက်လို အမယ်သစ်တွေကို ဈေးကွက်ထဲမှာ တွင်တွင်ကျယ်ကျယ် တင်ပို့နေရတာ ဝမ်းသာစရာတစ်ခုဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်အတွင်း၌ ပဲစင်းငုံသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၆၀၀၀၊ မတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀၊ ကုလားပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀၊ မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ပေါက်ဈေးများဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

## အဓိကစိုက်ပျိုး

ပဲဇီးကွက်ကို စိုက်ပျိုးကြရာတွင် ဧရာဝတီမြစ်ကမ်းဘေး၊ ဒုဋ္ဌဝတီမြစ်ကမ်းဘေးနှင့် ချင်းတွင်းမြစ်ဝှမ်းဒေသများရှိ နုန်းတင်မြေနုနေရာများတွင် အဓိကစိုက်ပျိုးဖြစ်ထွန်းပြီး မကြာမီကာလတွင်လည်း ဧရာဝတီ၊ ချင်းတွင်းမြစ်ဆုံရာဒေသ၊ ရေလယ်ကျွန်းဒေသများမှလည်း ဈေးကွက်ထဲသို့ ဝင်ရောက်လာတော့မည် ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

❂ စာမျက်နှာ ၁၆ မှ

နစ်နာကြေးကို သေဆုံးသူ၏တရားဝင်ဇနီး (သို့မဟုတ်) ခင်ပွန်းဖြစ်စေ၊ ဇနီး ၊ ခင်ပွန်းမရှိပါက သားသမီး၊ အထက်ပါသုံးဦးမရှိပါက မိဘ၊ အထက်ပါလေးဦးမရှိပါက ညီအစ်ကိုမောင်နှမအရင်းအချာ၊ အဆိုပါပုဂ္ဂိုလ်များအားလုံးမရှိပါက အနီးစပ်ဆုံးဆွေမျိုးတော်စပ်သူများက တောင်းခံနိုင်သည်။ နစ်နာကြေးကို မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်နှင့် ရုံးခွဲ (၃၉)ရုံးတွင်တောင်းခံနိုင်ပြီး အထောက်အထားပြည့်စုံပါက နေ့ချင်းပြီး ဆောင်ရွက်ဝန်ဆောင်မှုပေးလျက်ရှိသည်။

## အာမခံနစ်နာကြေးတောင်းခံနိုင်ရန်

မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် သူတစ်ပါးထိခိုက်မှုအာမခံကြေးကို အာဆီယံနှုန်းထားနှင့် ကိုက်ညီစေရန်နှင့် စက်တပ်ယာဉ်ကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူတို့အတွက် ခေတ်၊ စနစ်နှင့်ကိုက်ညီသော နစ်နာကြေးရရှိစေရန် စီမံဆောင်ရွက်လျက်ရှိသည်။ ယာဉ်မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူဦးရေနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံကြေးတောင်းခံသည့် ဦးရေနည်းပါးသောကြောင့် နစ်နာသူများအားကာကွယ်ပေးသည့် သူတစ်ပါးထိခိုက်မှုအာမခံ၏ ရည်ရွယ်ချက်ကို ပြည်သူများသိရှိလျက် အာမခံနစ်နာကြေးတောင်းခံနိုင်စေရန် နိုင်ငံပိုင်သတင်းစာမှ အသိပေးခြင်း၊ မြန်မာ့အာမခံလုပ်ငန်း၏ Facebook Page Website တို့တွင် အသိပညာပေးခြင်းဖြင့် အများပြည်သူအနေဖြင့် အာမခံနစ်နာကြေးတောင်းခံနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

## Online ဖြင့်ဝန်ဆောင်မှုပေး

သူတစ်ပါးထိခိုက်မှုအာမခံပေးသွင်းရာတွင်လည်း မြန်မာ့အာမခံလုပ်ငန်းသို့ လူကိုယ်တိုင်လာရောက်ပေးသွင်းရန်မလိုဘဲ အွန်လိုင်းမှတစ်ဆင့် ပရီမီယံကြေးပေးသွင်းနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း MPU, KBZ Pay, CB Pay နှင့် OK$ တို့ဖြင့် ပေးချေနိုင်လျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ ကညနရုံးများနှင့်ချိတ်ဆက်၍ သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံကြေးပေးသွင်းခြင်းကို Online မှ ပေးသွင်းနိုင်ရန်နှင့် ကျန်ဘဏ်များ Mobile Wallet များဖြင့် ငွေပေးချေနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ Online Premium Payment စနစ်အောင်မြင်သွားပါက သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံပေးသွင်းမှု မှတ်တမ်းစာအုပ်ကို အသုံးပြုရန်မလိုတော့ဘဲ Third Party Premium Insurance Certificate စာရွက်ဖြင့် ပြန်လည်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ပြည်သူတို့အနေဖြင့် ပရီမီယံပေးဆောင်ခြင်းဖြင့် အကျိုးကျေးဇူးရှိမှုကို သိရှိစေမည်ဖြစ်သည့်အပြင် စက်တပ်ယာဉ်မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိရာ၌ နစ်နာကြေးမည်သို့တောင်းခံနိုင်ကြောင်းကို အများပြည်သူ ထဲထဲဝင်ဝင်သိရှိနိုင်စေရန် အသိပေးရေးသားလိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁၉ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၃၄ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၈၂၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၁၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၃၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၄၆၉,၇၂၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၇,၂၂၃) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၁၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၃,၇၇၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကိုမမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၆၃၀) ခု | (၇၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၇) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၀) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၈) ခု | (၂) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၈၃) ခု | (၄၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၅၆) ခု | (၂၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၈၀၀) ခု | (၁၆၈) ဦး |
| စုစုပေါင်း | (၂၃,၈၂၅) ခု | (၃၁၉) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၇၁၅၀၄၁၂ | ၄၇၃၁၃၇၃၆ | ၉၂၀၈၂၉ |
| ၂။ | အိန္ဒိယ | ၄၁၉၅၂၇၁၂ | ၄၀၀၁၇၀၈၈ | ၅၀၀၀၈၇ |
| ၃။ | ဘရာဇီး | ၂၆၀၉၉၇၃၅ | ၂၂၆၀၂၅၀၆ | ၆၃၀၀၀၁ |
| ၄။ | ပြင်သစ် | ၂၀၁၄၇၃၄၁ | ၁၃၄၃၇၈၂၃ | ၁၃၁၈၅၂ |
| ၅။ | ဗြိတိန် | ၁၇၆၀၇၈၃၂ | ၁၄၈၃၁၄၄၁ | ၁၅၇၇၃၀ |
| ၆။ | ရုရှား | ၁၂၄၅၂၇၆၅ | ၁၀၄၄၉၁၈၁ | ၃၃၄၀၃၉ |
| ၇။ | တူရကီ | ၁၁၉၄၀၆၉၅ | ၁၁၁၇၃၄၀၆ | ၈၈၀၆၄ |
| ၈။ | အီတလီ | ၁၁၃၄၈၇၀၁ | ၈၈၇၂၇၃၇ | ၁၄၇၇၃၄ |
| ၉။ | ဂျာမနီ | ၁၀၅၄၃၃၁၈ | ၇၉၅၃၂၀၀ | ၁၁၉၀၆၉ |
| ၁၀။ | စပိန် | ၁၀၁၉၉၇၁၆ | ၆၄၈၀၄၆၄ | ၉၄၀၄၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၄၄၆၆၉၄ | ၄၁၆၁၉၈၇ | ၁၄၄၄၅၃ |
| ၂။ | ဖိလစ်ပိုင် | ၃၅၉၄၀၀၂ | ၃၃၈၈၃၉၉ | ၅၄၂၁၄ |
| ၃။ | မလေးရှား | ၂၈၈၇၇၈၀ | ၂၇၉၄၃၅၄ | ၃၂၀၀၀ |
| ၄။ | ထိုင်း | ၂၄၇၅၆၃၂ | ၂၃၆၆၉၀၉ | ၂၂၂၅၃ |
| ၅။ | ဗီယက်နမ် | ၂၃၁၅၆၈၉ | ၂၀၁၂၄၅၆ | ၃၈၁၄၇ |
| ၆။ | မြန်မာ | ၅၃၇၂၂၃ | ၅၁၃၇၇၉ | ၁၉၃၁၀ |
| ၇။ | စင်ကာပူ | ၃၆၆၄၇၃ | ၃၄၇၂၃၁ | ၈၆၀ |
| ၈။ | လာအို | ၁၃၅၆၆၀ | ၁၃၀၀၆၉ | ၅၆၂ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၁၅၅၀ | ၁၁၇၉၁၈ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၁၆၆၉၁ | ၁၅၉၉၃ | ၉၈ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီနှစ်ခု၊ ယာဉ်စီးရေနှစ်စီးဖြင့် နှာခေါင်းစည်း ၁၀ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

**ဦးစားပေးတင်သွင်းခွင့်ပြု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ပေါက်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသည့် နိုင်ငံ့ဝန်ထမ်းများအား ထပ်ဆောင်းကာကွယ်ဆေး စတင်ထိုးနှံ

**ပေါက်တော ဖေဖော်ဝါရီ ၄**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်း Booster Dose ထိုးနှံပေးခြင်းကို ပေါက်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ယနေ့နံနက် ၁၁ နာရီက စတင်ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်း Booster Dose ထိုးနှံပေးခြင်းကို ပေါက်တောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက လာရောက်ထိုးနှံကြသည်။

ယင်းသို့ ကိုဗစ်ထပ်ဆောင်း(Booster Dose) ကာကွယ်ဆေးထိုးနှံပေးခြင်းကို ပေါက်တောမြို့နယ်ရှိ ဌာနအသီးသီးမှ ဝန်ထမ်းများအား ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# နှမ်းထွက်

ဆင်ဖြူကျွန်းအောင်သိန်း

ဇရာအိုဆောင်းသည် ပြောင်းခါနီးမို့ အစွမ်းကုန်နှုတ်ဆက်နေရော့ထင့်။ နှင်းရည်ငွေဥများကို သည်းသည်းထန်ထန်ကြီး သွန်းလောင်းနေလေသည်။ ဆောင်းလေအေးသည် ဆောင်းအို၏နည်းတူပင် တိုက်ခတ်နေ၏။ အခါတိုင်းမူ အရှေ့မိုးကုပ်စက်ဝိုင်းဆီမှ လိမ့်တက်လာသော လောင်လုလုကြယ်နီကြီးကို အရှန်းသားမြင်နိုင်လေသည်။ ယနေ့ အရုဏ်ဦးမှာမူ ဆောင်းအိုနှင်းရိပ်တို့သည် ကြယ်နီကြီးအား ငွေချည်တင်းတိမ်ကြီးဖြင့် ဖုံးရစ်ထားကြလေသောကြောင့် ပျပျရေးရေးသာရှိသော အနီပြောက်ကလေးကိုသာ မြင်ရတော့၏။ မြောက်ဘက်ထန်းတောထဲမှ တဝေါဝေါထွက်ပေါ်လာသောအသံများက နှင်းစက်တို့၏ပြင်းထန်မှုကို ဖော်ပြနေ၏။

ရမ်းဘိုကုန်းရွာငယ်မှာ နှင်းမှောင်အောက်ဝယ်ကွေးနေ၏။ ရွာတောင်ဘက်ရှိ သရက်တောအောက်မှ တလင်းများမှာ ငြိမ်ချက်သားကောင်းလှသည်။ တလင်းထက်ရှိ သရက်ရွက်များသည် နှင်းပေါက်များနှင့်တွေ့ထိကာ ဆောင်းအိုတေးကို သီကျူး၍ လေ၏ စေ့ဆော်မှုဖြင့် ယိမ်းနွဲ့ကနေကြလေ၏။

တလင်းသိုက်မှာ မကြာမီ အသက်ဝင်လှုပ်ရှားလာသည်။ ချောင်းဆိုးသံကြီးများသည် ကြားရသူ နားမသက်သာလေအောင် ဝမ်းခေါင်းသံကြီးဖြင့် အမောတကောထွက်ပေါ်လာ၏။ မီးရောင်ရီပျော့ပျော့ကလေးများကလည်း လျှော့ရဲရဲကလေးတိုးလာသည်။

"တယ်လေ ဒီနွားဟာ" ။

နယ်ဖတ်မပြီးသေးသူများသည် မထချင်မလုပ်ချင်သော်လည်း ဝတ္တရားမို့ထကြရသည်။ နွားများမှာလည်း ခြေကုန်လက်ပန်းကျနေရကား ရုတ်ခြည်းမထနိုင်ဘဲ လေးလံနေကြသည်။ ဒါကိုပင်အကြောင်းပြုပြီး ဆဲဆိုသံများက ထွက်ပေါ်လာ၏။ "ဒီချေးကလည်း ယိုရပြန်ပြီ" မှောင်နေသောကြောင့် ဘာမျှမမြင်ရသော်လည်း နွားမောင်းသူသည် ကောက်ရိုးတစ်ဆုပ်ကိုပြေးဆွဲပြီး နွား၏ဖင်ကို ကောက်ရိုးဖြင့် ခံထားမည်မှာမုချတည်း။

ကိုဆေးရိုးမှာ ခါးကကိုက် ရင်ကအောင့်လာသောကြောင့် ဆက်ပြီးကွေးမနေနိုင်တော့ပါ။ အကွေးကို ဆန့်ထုတ်လိုက်သောအခါ ပို၍ချမ်းလာသည် ထင်မှတ်ရ၏။ ထထိုင်လိုက်ရာ စောင်စုတ်ကလည်ပင်းမှာ စွပ်လျက်သားဖြစ်နေသည်။ ချမ်းလွန်းရကား အစွမ်းကုန်ကွေးပြီး ခေါင်းမြီးခြုံထားသောစောင်ကို တင်းသည်ထက်တင်းအောင် ဆွဲသဖြင့် ချုပ်ရိုးကွဲပြီး ခေါင်းကျွံသွားခြင်းဖြစ်သည်။

"ဗျိုး ကိုဆေးရိုး"

"ဟေ ဘာလဲဟ"

"တယ်ပြီး ဇိမ်ရှိနေပါကလား။ ဟဲ့ နွား"

ကိုဆေးရိုးကို ပြောရာက အသွားနှေးနေသောနွားများကို တစ်ဆက်တည်း မောင်းလိုက်သည့် အနောက်ဘက်တလင်းမှ ထွန်းလှဖြစ်၏။

"အေးပေါ့ကွာ၊ ရှိတာပေါ့" ကိုဆေးရိုး၏ဖြေသံနောက်ပိုင်းတွင် ထွန်းလှ၏အာဂလောင်ကိုခြစ်ပြီး ရယ်သံကပျံ့နှံ့သွားသည်။ ကိုဆေးရိုးမှာ သည်တစ်နှစ်အတွက် တောလုပ်ငန်းတာဝန်မှ ခေတ္တမျှအနားရပြန်ပေဦးတော့မည်။ သူ၏တစ်နှစ်လုပ်စာသည် မလှေ့ရသေးသောစပါးပြန့်ကြီးပင်ဖြစ်၏။ ကိုဆေးရိုးသည် ရေနွေးအိုးထဲသို့ လက်ဖက်ခြောက်အမှုန့်များကို ပစ်ထည့်ခဲ့ကာ စပါးပြန့်ကြီးပေါ်သို့ တက်လာသည်။ စပါးပြန့်မှာ နွားနင်းထားဖန်များသောကြောင့် မာကျစ်နေပေ၏။

"အင်း"

ကိုယ့်ဝမ်းနာကို ကိုယ်သာသိသည်ဆိုသကဲ့သို့ ကိုဆေးရိုး၏ "အင်း" ကို ကိုဆေးရိုးသာ သိပေလိမ့်မည်။ သူသည် စပါးပြန့်၏ အကျစ်အမာကို ခပ်ညွတ်ညွတ်ကလေးဆောင့်နင်းပြီး ချိန်ဆနေသည်။ အကယ်၍ စပါးပြန့်ထဲတွင် အမှုန်အမှော်များ များပြားနေပါက နင်းလိုက်သည့်ခြေထောက်သည် ပြားညွတ်ဝင်သွားမည်ဖြစ်ပြီး အမှုန်အမှော်နည်းပါမူ တင်း၍ခံနေပေလိမ့်မည်။ အမှန်မှာမူ ကိုဆေးရိုး၏ရင်ထဲတွင် ဗလောင်ဆန်နေပေသည်။ "ထွက်မှထွက်ပါ့မလား" ဟူသော ကြောင့်ကြဗျာပါရသည် လှိုက်ပွက်နေ၏။

ဟုတ်လည်း ဟုတ်ပေသည်။ သည်တစ်နှစ်၏လုပ်စာက သည်နေရာတွင် ဆုံးခန်းတိုင်လေပြီ။ ဒါကိုသာ အားထားရသည်။ ဒါကသာ အစည်းအရုံးကမသိအောင် ချေးယူထားရသည့်ကြွေးပုန်း။ ထို့ပြင် အမတော်ကြွေး။ စားကြွေးသောက်ကြွေးနှင့် ကောက်စိုက်ကောက်ရိတ်ခအပြင် ရှေ့နှစ်အတွက် ဝမ်းစာမျိုးစပါး စသည်များအတွက်ပါ ဖူလုံအောင်မထွက်ပါမူ ခက်ရချေတော့မည်။ သည်လမ်း၏အဆုံးဝယ် အိမ်တစ်လုံးတွေ့လျှင်တွေ့၊ မတွေ့လျှင် နက်စွာသောချောက်ကမ်းပါးကြီးမှတစ်ပါး ဘာမျှမရှိ။ သည်လမ်းကို မလျှောက်ဘဲလည်း မနေရသောဘဝတည်း။

ကိုဆေးရိုးက ဆောင့်ကြောင့်ထိုင်ပြီး စပါးပြင်ကို လက်နှင့်နှိုက်လိုက်သည်။ သူ၏လက်သည် ကျစ်ခဲနေသော စပါးစေ့များကိုလည်း တွေ့သည်။ ပွရှနေသောအထပ်ကိုလည်း ဖြတ်ကျော်သွားရသည်။ ဘဝနယ်ဆန်လှချေ၏။ တံတောင်ဆစ် မြုပ်သွားသောအခါဝယ် မြေမာကို လက်သည်းနှင့် ကုတ်မိခြစ်မိလေသည်။ ပြီးလျှင် စပါးပြန့်၏အဝန်းကို ခြေဖဝါးဖြင့်တိုင်းပြန်၏။ သူ၏သင်္ချာတမှာ အတိအကျကြီးမဟုတ်သော်လည်း ယေဘုယျအားဖြင့် ခန့်မှန်းချက်ဖြစ်ကာ စပါးပြန့်ထဲရှိ အမှော်အမှိုက်အနည်းအများသည် ခန့်မှန်းချက်နှင့် အနီးအဝေးကို ဆုံးဖြတ်ပေမည်ဖြစ်၏။

"လူလေး လူလေး၊ ဟဲ့လူလေး"

ကိုဆေးရိုးမှာ ဇောဖြင့်လည်းကောင်း၊ သောကထန်ပြင်းခြင်းဖြင့်လည်းကောင်း တက်ဟပ်လာသောချွေးစများကို စောင်ဖြင့်သိမ်းကာ သရက်ပင်ခြေရင်းတွင် ကောက်ရိုးများဖြင့် ကြက်မြှုသဖွယ်လုပ်လျက်

ကိုယ့်ဝမ်းနာကို ကိုယ်သာသိသည်ဆိုသကဲ့သို့ ကိုဆေးရိုး၏ "အင်း" ကို ကိုဆေးရိုးသာ သိပေလိမ့်မည်။ သူသည် စပါးပြန့်၏ အကျစ်အမာကို ခပ်ညွတ်ညွတ်ကလေး ဆောင့်နင်းပြီး ချိန်ဆနေသည်။ အကယ်၍ စပါးပြန့်ထဲတွင် အမှုန်အမှော်များ များပြားနေပါက နင်းလိုက်သည့်ခြေထောက်သည် ပြားညွတ်ဝင်သွားမည်ဖြစ်ပြီး အမှုန်အမှော်နည်းပါမူ တင်း၍ခံနေပေလိမ့်မည်။ အမှန်မှာမူ ကိုဆေးရိုး၏ ရင်ထဲတွင် ဗလောင်ဆန်နေပေသည်။ "ထွက်မှထွက်ပါ့မလား" ဟူသော ကြောင့်ကြဗျာပါရသည် လှိုက်ပွက်နေ၏

ခြေရင်းတွင် ကွေးကွေးလေးအိပ်နေသော ဘညိန်းထံသို့ ချဉ်းကပ်ကာ နှိုးလိုက်သည်။

"လူလေး၊ ဘညိန်း"

ဘညိန်းကား တုတ်တုတ်မျှမလှုပ်။ ကိုဆေးရိုးမှာ နောက်ထပ်မနှိုးတော့ဘဲ သက်မကို ပြင်းထန်စွာမှုတ်ချလိုက်ရင်း နေရာမှထသွား၏။

မိုးစင်စင်လင်းလာပေပြီ။ ကိုဆေးရိုးက စပါးပြန့်အနားစပ်ကို ဂေါ်ကြီးဖြင့်ဆွဖွနေသည်။ ဘညိန်းက နွားနှစ်ကောင်ကိုတပ်ပြီး စပါးကို ဂျုတ်ဖြင့်စုပေးနေ၏။ စပါးပုံမှာ အလယ်သို့ တဖြည်းဖြည်းစုလာကာ စပါးစေ့က မြေပေါ်ဝယ် ကွဲကြေနေသည်။ ယင်းတို့သည် ပုလဲခြယ်သော ရွှေမြေနှယ်လှနေသည်။ တလင်း၏တောင်ဘက်ဝယ် ပြန့်ပြူးသော လယ်ကွင်းကြီးမှာ ညိုမှောင်သောနှင်းရုံက လွှားခြုံထားသည်။ ငှက်ငယ်ကလေးများ၏ အိပ်တန်းဆင်းအရုဏ်တေးက တီတီတွဲတွဲရှိလှ၏။ ရွှေရော်ရောင် ရိုးပြတ်ငုတ်များသည် နှင်းရည်ဖြင့် လိမ်းကျံကာနူးပျော့နေလေသည်။ သရက်ပင်ထက်မှ နှင်းစက်များက မြရွက်လွှာပေါ်မှ တစ်ဆင့် ပြောင်လက်နေသော တလင်းပြင်ပေါ်သို့ ရစ်ဝဲလာကြ၏။

"တောက်၊ တယ်လေ ဒီနွားကြီးဟာ ကိုင်း"

လက်ယာဘက်မှ အလှည့်နွားကြီးသည် နှုတ်သီးစွပ်တပ်ထားသည့် အထဲက စပါးပုံကို တစ်ချက်ဟပ်ထိုးလိုက်သည်။ နောက်မှနေပြီး မာန်မဲဟန့်တားနေပါလျက်နှင့် တရှူးရှူးမြည်သောလေသံဖြင့် စုပ်ယူမြဲစုပ်ယူနေသောအခါ ဘညိန်းက ကျောရိုးကိုမြှောင်ပြီးရိုက်လိုက်၏။ သည်လို ရိုက်လိုက်ပြန်တော့လည်း သနားဖွယ်ရာကျောကြီးကို ကော့သွားပုံက ကြွက်သားအမြှောင်းကြီးများပင်ထလာ၏။ နွားကြီး၏ နှုတ်သီးယမ်းမှုကြောင့် စပါးပုံများထိပ်မှ စပါးစေ့များမှာ အဝေးသို့ လွင့်စဉ်ပြန့်ကျဲကုန်သည်။

"ဟော ခုမှစုရတယ်"

ချောစိန်၏အသံပင်ဖြစ်၏။ ခေါင်းပေါ်တွင် ဆန်ကောတစ်ထပ်ကိုရွက်လာကာ သရက်ပင်ခြေရင်းတွင် ချလိုက်သည်။ ဆန်ကောထဲတွင် အဝတ်ထုပ်တစ်ခုနှင့်ဆေးလိပ်များပါလာ၏။

"ဟေ့ ဆေးရိုး၊ ပြီးပလားဟေ့"

တလင်းသိုက်၏တောင်ဖျားမှ ဟစ်မေးလိုက်သံကြောင့် ကိုဆေးရိုးက လည်ပြန်ကြည့်ကာ

"ပြီးပြီဟေ့၊ ဟိုဘက်က ထွန်းညံတို့လည်း ခေါ်ခဲ့ပါ"

"အေးအေး"

ချောစိန်က ရေနွေးအိုးမီးထိုးနေစဉ် မကျီးဒန်ရောက်လာသည်။

"ခုထက်ထိလည်း တစ်ယောက်မှ မရောက်သေးပါပဲလား"

သူကတော့ လာလာချင်းမာန်မဲလေ၏။ ကိုဆေးရိုးကဖြင့် လှည့်၍မကြည့်။ ဂေါ်ကြီးကိုချထားပြီး နှစ်လံခန့်ရှည်သည့် ပေတံတံမြက်စည်း (ပေရိုးတံမြက်စည်း) ကို ထဆွဲကာ ပြန့်ကပ်နေသော စပါးများကို လှည်းစုနေလိုက်၏။ မကျီးဒန်က မကျေမနပ်နှင့်မျက်စောင်းခဲလိုက်ပြီးနောက်

"ဖိုးအုံးတို့၊ သာဝတို့ မလာကြသေးဘူးလားဟ"

အနောက်ဘက်ရှိ တလင်းစုဘက်သို့ လှမ်းအော်လိုက်၏။

"လာမှာပေ့ါဗျ။ အစောကြီးရှိသေးတဲ့ဥစ္စာ"

"နင်တို့မှာစောနေ၊ လာကြပါဟ။ ဒီရောက်ရင် စားသောက်နေဦးမှာနဲ့ဘာနဲ့"

"လောလှချည့်လားဗျာ။ မကြီးမကျီးဒန်ကလည်း"

"သေနာကောင်တွေ၊ စကားများမနေနဲ့။ လာရင်လာ မလာရင် နင်တို့ပေါင်တွင်းကြောတော့ပြတ်မယ်ကြံထား"

ယင်းသို့လျှင် ဆဲရင်းဆိုရင်းနှင့် စပါးယပ်မည့်လူများသည် အလှိုလှိုရောက်လာကြ၏။ ဆောင်းနှောင်း၏ အအေးဓာတ်ကို လုံချည်ကလေးတွေ ကိုယ်စီခြုံလျက် ကာကွယ်ထားကြသည်။ သူတို့မှာ ခိုက်ခိုက်တုန်နေကြကာ မီးဖိုကို ပြေးကပ်ကြ၏။

"ကိုင်း မီးလည်းလှုံ၊ စားလည်းစားကြ"

မကျီးဒန်က မုန့်ပေါင်းတစ်ထပ်ကို ဆီပန်းကန်နှင့်အတူချပေးသည်။

"ဒီနှစ်မှပဲ ပိုပြီးချမ်းတယ်ဟေ့"

"မနှစ်တုန်းကချမ်းတာကို မင်းမေ့နေလို့ပါ"

"မဟုတ်ပါဘူးကွာ။ ဒီနှစ်ဆောင်းတွင်းဟာ မနှစ်တုန်းက ဆောင်းတွင်းထက် ပိုပြီးချမ်းတယ်ကွ" ကိုထွန်းညံမှာ ပြောရင်းဆိုရင်း ခိုက်ခိုက်တုန်လာပြန်သည်။ မုန့်ပေါင်းတစ်ခုကိုလှမ်းယူကာ ဖက်ကို ဆွဲခွာလိုက်ရာ ငချိပ်တစ်ဝက် ကောက်ညှင်းအဖြူတစ်ဝက်သည် အငွေ့တထောင်းထောင်းဖြင့်ပေါ်လာသည်။

"ဆန်ကောတွေကော ကောင်းရဲ့လားဟေ့" ကိုဖိုးအုံးက နေရာမှ ထရင်း မေးလိုက်ရာ

"ရသလောက်ငှားလာတာပဲတော်ရဲ့၊ ကြိုက်တာကို ရွေးယူပေ့ါ"

ချောစိန်က ပြန်ပြောလိုက်လေသည်။

ကိုဆေးရိုးတို့မှာ လေလာသည့်နေရာသို့ တကူးတကသွားပြီး လှေ့မနေနိုင်သောကြောင့် အမှုန်အမှော်များကို လူအားနှင့် ယပ်ပစ်ခြင်းဖြစ်သည်။

"ကိုယ့်စပါးပဲကွာ၊ လှေ့လိုက်ပြီးရော" ကိုဖိုးအုံးက ကွမ်းပလုတ်ပလောင်းနှင့် ပြောသဖြင့်

"မထူးပါဘူးကွာ၊ လှေ့တာနဲ့ယပ်တာ နာမည်သာကွဲတာပါ။ စပါးကျတော့ အတူတူပါပဲ"

"မတူပါဘူးကွာ"

ကိုသာဝက ထလာပြန်၏။

"ဘာဖြစ်လို့မတူရမှာလဲကွ။ လှေ့တဲ့စပါးကကော၊ အောင်တဲ့စပါးတွေ အဖျင်းထဲပါကုန်မှာစိုးလို့ခုတ်ယူရတာပဲမဟုတ်လား။ အရင်တုန်းကဆိုရင် အမှော်ကိုချန်ပြီး အဖျင်းတွေ အကုန်ပြန်ထည့်တာပဲ မဟုတ်လား၊ ကိုင်း"

"ဟ ဟိုတုန်းကဟာကို ထည့်ပြောလို့ဖြစ်မလားကွ။ ဟိုတုန်းကတော့ လယ်ရှင်ကိုညစ်ချင်လို့ လေနဲ့လွင့်သွားတဲ့ အဖျင်းတွေကို ပြန်ယူပြီးရောတာကွ။ အခုဘယ်သူ့ပေးရဦးမှာလဲ"

ကိုသာဝမှာ ပြောရင်းဆိုရင်း သွားရည်တွေကျလာသဖြင့် ဝိုင်းရယ်လိုက်ကြလေ၏။

(ဆက်လက်ဖော်ပြပါမည်)

(ဆင်ဖြူကျွန်းအောင်သိန်း၏ "ကိုဆေးရိုး ဝတ္ထုတိုပေါင်းချုပ်" စာအုပ်မှ " နှမ်းထွက်" ဝတ္ထုတိုကို စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 6 (စနစ်သစ်)

ယခင်အပတ်က Unit 5 Lesson 4: Filling in a form သင်ခန်းစာပါ အကြောင်းအရာများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 6 Lesson 1: Let's eat out! အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 6 Lesson 1: Let's eat out! (စားသောက်ဆိုင်မှာ စားကြစို့)

- Ordering food and drinks (စားသောက်ဖွယ်ရာများ မှာယူခြင်း)
- Talking about prices (ဈေးနှုန်းအကြောင်းပြောခြင်း)

**Ordering food and drinks**

**Waiter/ Waitress (စားပွဲထိုး)**

1. Are you ready to order? (မှာယူဖို့အဆင်သင့်ဖြစ်ပြီလားခင်ဗျာ။)
2. What would you like to have? (ဘာများမှာယူချင်ပါသလဲ။)
3. What will you have? (ဘာများမှာယူချင်ပါသလဲ။)
4. Would you like something to drink? (တစ်ခုခုများ သောက်ချင်ပါသလား။)
5. Can I take your order? (မှာယူဖို့အဆင်သင့်ဖြစ်ပြီလား။)
6. What would you like for a starter? (အရင်ဦးဆုံး ဘာများ မှာယူချင်ပါသလဲ။)
7. Anything to drink? (တစ်ခုခုများသောက်မလား။)
8. Would you like any coffee? (ကော်ဖီသောက်မလား ခင်ဗျာ။)
9. Here you are. (ဒီမှာပါခင်ဗျာ။)
10. Anything else? (တခြားမှာစရာများရှိသေးလားဗျာ။)
11. It is 4000 Kyats. (၄၀၀၀ ကျပ် ကျပါတယ်။)

**Customer (စားသုံးသူ)**

1. Could you bring us the menu, please? (စားသောက်ဖွယ်ရာစာရင်း ယူလာပေးနိုင်မလားဗျာ။)
2. The menu, please? (စားသောက်ဖွယ်ရာစာရင်း ယူလာပေးနိုင်မလားဗျာ။)
3. What's on the menu? (ဘာတွေရနိုင်သလဲခင်ဗျာ။)
4. May I have some water, please? (ရေသောက်လို့ရမလားဗျာ။)
5. I/We would like ___. (ကျွန်တော်က ____ စားချင်ပါတယ်။)
6. That will be all for now. (အခုအတွက်တော့ ဒီလောက်ပါပဲ။)
7. Could you bring us the salt, the pepper…etc.? (ဆားနဲ့ငရုတ်ကောင်း ယူလာပေးနိုင်မလားဗျာ။)
8. That is all. Thank you. (ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်။)
9. No, thanks, I am full after the meal. (လုံလောက်ပါပြီ။ ကျေးဇူးတင်ပါတယ်။ ဗိုက်ပြည့်သွားပါပြီ။)
10. We would like a little longer, please. (ခဏလောက်နေမှ မှာပါ့မယ်။)
11. Waiter, how much does it cost? (စားပွဲထိုး ဒါဘယ်လောက်ကျသလဲ။)
12. Waiter, how much does our bill come to? (စားပွဲထိုး ဒါဘယ်လောက်ကျသလဲ။)

(A) **Read the dialogue on ordering food and drinks, and practise the dialogue. (စားသောက်ဖွယ်ရာ မှာယူရန် ပြောဆိုသည့်စကားပြောပုံစံကို ဖတ်ပြီး အပြန်အလှန်လေ့ကျင့်ပါ။)**

**Dialogue (1)**

Waiter: Good morning. What would you like to have?
စားပွဲထိုး - မင်္ဂလာနံနက်ခင်းပါ။ ဘာများသုံးဆောင်ချင်ပါသလဲခင်ဗျာ။
Customer: May we look at the menu first?
စားသုံးသူ - စားသောက်ဖွယ်ရာစာရင်း ကြည့်လို့ရမလား။
Waiter: Here you are.
စားပွဲထိုး - ရော့ဒီမှာပါခင်ဗျာ။
Customer: Yes, I'll have rice and chicken curry.
စားသုံးသူ - ဟုတ်ပါပြီ။ ထမင်းနဲ့ ကြက်သားဟင်းစားပါမယ်။
Waiter: Would you like anything to drink?
စားပွဲထိုး - တစ်ခုခု သောက်ဦးမလား။
Customer: Cola, please.
စားသုံးသူ - ကိုလာအအေး ပေးပါ။
Customer: Waiter, how much does it cost?
စားသုံးသူ - စားပွဲထိုးရေ ဒါဘယ်လောက်ကျသလဲ။
Waiter: It' s 4500 Kyats.
စားပွဲထိုး - ၄၅၀၀ ကျပ် ကျပါတယ်။

(B) **Translate the following dialogue. (အောက်ပါစကားပြောပုံစံကို အင်္ဂလိပ်လိုပြန်ရေးပါ။)**

စားပွဲထိုး - မင်္ဂလာညနေခင်းပါ။
စားသုံးသူ - မင်္ဂလာပါ။
စားပွဲထိုး - ဘာများသုံးဆောင်မလဲခင်ဗျာ။
စားသုံးသူ - စားသောက်ဖွယ်ရာစာရင်း ကြည့်လို့ရမလား။
စားပွဲထိုး - ရော့ဒီမှာပါခင်ဗျာ။
စားသုံးသူ - ကျွန်တော်က ထမင်းနဲ့ ဆိတ်သားဟင်း၊ သံပရာရည် တစ်ခွက်။
စားသုံးသူ - စားပွဲထိုး၊ ဒါဘယ်လောက်ကျသလဲ။
စားပွဲထိုး - ၈၅၀၀ ကျပ်ကျပါတယ် ခင်ဗျာ။

(C) **Make a dialogue on ordering food and drinks between a waiter and a customer. (စားပွဲထိုးနှင့် စားသုံးသူနှစ်ယောက်အကြား စားသောက်ဖွယ်ရာများ မှာယူပုံကို ရေးပါ။)**

Waiter: ______________________________
Customer: ______________________________
Waiter: ______________________________
Customer: ______________________________

+++++++++++++++++++

(လာမည့်အပတ်တွင် Lesson 2: Do you eat healthy food? အကြောင်း ဖော်ပြပါမည်)

## Grade 7 (စနစ်သစ်)

ယခင်အပတ်က Yes/No Questions အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာလည်း Yes/ No Questions အကြောင်းကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။

(ယခင်အပတ်မှအဆက်)

**Yes/No Questions**

Present Perfect (has, have + V3) & Past Perfect (had + V3)

e.g. (1) I **have eaten** breakfast.
မေးခွန်း- Have you eaten breakfast?
အဖြေ - Yes, I have. (OR) No, I haven't.

e.g. (2) She **has drawn** a picture.
မေးခွန်း- Has she drawn a picture?
အဖြေ - Yes, she has. (OR) No, she hasn't.

e.g. (3) They **had played** tennis.
မေးခွန်း- Had they played tennis?
အဖြေ - Yes, they had. (OR) No, they hadn't.

Present Continuous Tense (am, is, are + Ving) & Past Continuous Tense (was, were + Ving)

e.g (1) She is cooking the rice.
မေးခွန်း- Is she cooking the rice?
အဖြေ - Yes, she is. (OR) No, she isn't.

e.g. (2) They are doing homework.
မေးခွန်း- Are they doing homework?
အဖြေ - Yes, they are. (OR) No, they aren't.

e.g. (3) We were learning English.
မေးခွန်း- Were you learning English?
အဖြေ - Yes, we were. (OR) No, we weren't.

**(1) Modal Verbs**

Modal Verbs တွေက can, could, shall, should, will, would, may, might, must တို့ဖြစ်ပါတယ်။

e.g. (1) I can swim.
မေးခွန်း- Can you swim?
အဖြေ - Yes, I can. (OR) No, I can't.

e.g. (2) You should buy this car.
မေးခွန်း- Should I buy this car?
အဖြေ - Yes, I should. (OR) No, I shouldn't.

(modal verbs ပါတဲ့ဝါကျတွေကို မေးခွန်းဝါကျပြောင်းရင် modal verbs တွေကို ရှေ့ထုတ်ပေးရသည်။)

**အောက်ပါဝါကျများကို မေးခွန်းပုံစံပြောင်းပါ။**

1. I have done my homework.
2. Yin Yin has cooked the curry.
3. Nyi Lay is writing a letter.
4. Her mother is selling vegetables.
5. Your grandpa was telling a story to you.
6. We can play football.
7. They will teach their sisters table manners.
8. There will be four people in the room.
9. He has been an army officer for ten years.
10. Lwin Lwin may take an umbrella.
11. Mee Lay is helping her parents.
12. He had many friends.
13. U Thein taught us English.
14. My sister has long hair.
15. They went back home late last night.
16. The doctor will give the medicine to the patient.
17. The girls will learn how to cook.
18. He should stay at home.
19. Sandar has been sick since last week.
20. Daw May Khin can speak six foreign languages.

**Ans: 1. Have you done your homework? 2. Has Yin Yin cooked the curry? 3. Is Nyi Lay writing a letter? 4. Is her mother selling vegetables? 5. Was your grandpa telling a story to you? 6. Can you play football? 7. Will they teach their sisters table manners? 8. Will there be four people in the room? 9. Has he been an army officer for ten years? 10. May Lwin Lwin take an umbrella? 11. Is Mee Lay helping her parents? 12. Did he have many friends? 13. Did U Thein teach you English? 14. Does your sister have long hair? 15. Did they go back home late last night? 16. Will the doctor give the medicine to the patient? 17. Will the girls learn how to cook? 18. Should he stay at home? 19. Has Sandar been sick since last week? 20. Can Daw May Khin speak six foreign languages?**

+++++++++++++++

(လာမည့်အပတ်တွင် Lesson 4: Going on a holiday အကြောင်း ဖော်ပြပါမည်)

## Grade 8 (စနစ်ဟောင်း)

ယခင်အပတ်က Lesson–9: Aesop's Fables နှင့် Lesson–10 Flying လေ့ကျင့်ခန်းများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson–11 What Do You See? နှင့်သက်ဆိုင်သည့်လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာ ဖြစ်ပါတယ်။

### Lesson–11: What Do You See?

**I. Give a suitable word to complete each sentence.**

1. There are many birds sitting on a b_____ of the tree.
2. They have three sons and the e_____ is a lawyer.
3. Zin Zin can speak English very w_____.
4. My sister can't cook as w_____ as my mother.
5. Her sister is also g___ at English.
6. We can get fresh air as there are open f_____s behind the school.
7. Like birds, aeroplanes also have w_____.
8. The son of a king is called a p_____.
9. A king lives in a p_____ with his family.
10. My a_____ in life is to become a doctor.

**II. Supply the correct form of the word given in brackets.**

1. (slow) _____ and steady wins the race.
2. (slow) She is a slow reader. She reads very _____.
3. (good) My handset isn't as _____ as yours.
4. (good) His handwriting is _____ than his brother's.
5. (strong) My grandpa is over 80, but he is still _____ and active.
6. (strong) Unity is _____.
7. (health) Smoking is harmful to our _____.
8. (healthy) Eating too much makes us _____.
9. (wait) My sister works as a _____ in this restaurant.
10. (give) I got a lot of _____ on my previous birthday.

**III. Supply the correct form of the verb given in brackets.**

1. (read) I always _____ the newspaper every morning.
2. (teach) Daw Sein _____ at our school over ten years.
3. (follow) Go ahead; I _____ you in a few minutes.
4. (see) My grandma _____ the doctor every month.
5. (not write) My brother _____ to us for about two months.
6. (mend) My friend _____ my handset yesterday.
7. (get) You _____ into trouble unless you stop borrowing money.
8. (die) My grandpa _____ last month.
9. (sharpen) Khin Khin _____ her pencil now.
10. (iron) Daw Lay washed the clothes and _____ them.

**IV. Answer the following questions.**

1. Where was the big bird?
2. Who shot at the bird?
3. How many sons did the king have?
4. Who told the prince to tell him what they saw?
5. Why did the king let the youngest prince shoot at the bird?

*Ans: I.*

*1.branch; 2. eldest; 3. well; 4. well; 5. good; 6. fields; 7. wings; 8. prince; 9. palace; 10. aim;*

*Ans: II.*

*1. Slow; 2. slow; 3. good; 4. better; 5. strong; 6. strength; 7. health; 8. unhealthy; 9. waitress; 10. gifts;*

*Ans: III.*

*1. read; 2. taught; 3. will follow; 4. sees; 5. has not written; 6. mended; 7. will get; 8. died; 9. is sharpening; 10. ironed;*

*Ans: IV.*

*1. The big bird was on a branch of a tree near a field.*
*2. The youngest son's arrow flew away and hit the bird.*
*3. The king had three sons.*
*4.The king told the prince to tell him what they saw.*
*5. The king let the youngest prince shoot at the bird because he did not lower his bow and look away from the bird while answering his father's question.*

+++++++++++++++

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်က Lesson–9: The Greatest Inventor နှင့် Lesson 10: The Olympic Games သင်ခန်းစာတွေနဲ့ သက်ဆိုင်တဲ့ မေးခွန်းများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson 11: The Brave Dog နှင့်သက်ဆိုင်တဲ့ မေးခွန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Lesson 11: The Brave Dog

**I. Supply the suitable word in each sentence.**

1. A w_____ is a large wild animal of the dog family.
2. A h_____ is a person who hunts animals for food.
3. Most male d_____ have horns shaped like branches.
4. Unity is s_____.
5. We should donate b_____ at blood banks.
6. Daw Lay was carrying an i____ in her arms.
7. Ko Maung is very f____. He has many friends.
8. Rains fill us with j____.
9. He died of a stab w_____.
10. She expressed her s____ when she heard the bad news.

**II. Supply the correct form of the words given in brackets.**

1. (joy) Christmas is a _____ occasion for children.
2. (die) My pet dog was burnt to ____ in the fire.
3. (angry) His voice trembled with ____.
4. (blood) A ____ knife was found in the bush.
5. (faith) U Ba worked in this company ____.
6. (courage) I have no _____ to sing on the stage.
7. (equal) Diet and exercise are _____ important.
8. (sleep) I'm always _____ after lunch.
9. (manage) We should have time _____.
10. (miss) They are searching for the ____ child.

**III.Supply the correct form of the verb given in brackets.**

1. (wake) I always ___ at 5 o'clock in the morning.
2. (travel) Father usually ___ to work by train.
3. (bleed) Don't touch my hand. The cut is _____.
4. (lick) Look! The baby ____ the honey off the spoon.
5. (crash) The two trains ____ in Japan, killing 40 people.
6. (spring) The tiger ____ on the deer and killed it.
7. (waste) We mustn't ____ our energy resources.
8. (manage) She always ____ her time.
9. (bury) I ___ the dead dog here.
10. (crawl) My son ___ on the floor when we came back.

**IV. Answer the following questions.**

1. Where did the Prince build the tomb?
2. Why did the Prince cry out in sorrow?
3. What did the Prince do for his brave dog?
4. What kind of dog belonged to the Prince?
5. What did the Prince do before going out to hunt deer?

*Ans: I.*

*1. wolf; 2. hunter; 3. deer; 4. strength; 5. blood; 6. infant; 7. friendly; 8. joy; 9. wound; 10. sorrow;*

*Ans: II.*

*1. joyful; 2. death; 3. anger; 4. bloody; 5. faithfully; 6. courage; 7. equally; 8. sleepy; 9. management; 10. missing;*

*Ans: III.*

*1. wake; 2. travels; 3. bleeding; 4. is licking; 5. crashed; 6. sprang; 7. waste; 8. manages; 9. buried; 10. was crawling;*

*Ans: IV.*

*1. The Prince built the tomb over the place where his brave dog was buried.*
*2. The Prince cried out in sorrow because he had killed his faithful dog.*
*3. The Prince built a tomb for his brave dog.*
*4. A faithful dog belonged to the Prince.*
*5. The Prince told his trusted dog to take care of his baby son before going out to hunt deer.*

++++++++++

## Grammar Patterns

### No/ not/ any ပြောင်းရေးနည်း

**No one – not any one**
**Nobody – not any one**
**Nothing – not anything**
**Nowhere – not any where**

**e.g.** I have a laptop.
I have no laptop.
I do not have any laptop.

**e.g.** Mother cooks something special.
Mother cooks nothing special.
Mother does not cook anything special.

**e.g.** Lwin Lwin saw someone on the bus.
Lwin Lwin saw no one on the bus.
Lwin Lwin did not see any one on the bus.

**Ex:** 1. He will not learn anything.
He will learn _________________.
2. They didn't buy anything.
The bought ___________________.
3. I didn't see anything.
I __________________.
4. She doesn't know anything.
She knows _______________.
5. He cannot study anything.
He can study _________________.

++++++++++

## Using participle (Ving)

ကိစ္စတစ်ခုလုပ်ရင်း၊ လုပ်လျက်၊ လုပ်လို့ အခြားကိစ္စတစ်ခုဖြစ်ပျက်၊ ပြုလုပ်ကြောင်း ဖော်ပြရာတွင် သုံးသည်။

*** အရင်လုပ်ဖြစ်ရပ်ဝါကျ၏ ကြိယာကို Ving ပုံစံပြောင်းရေးပါ။ am, is, are ဆိုလျှင် Being၊ has, have, had ဆိုလျှင် having၊ Main Verb ဆိုလျှင် Ving ပုံစံပြောင်းပေးရသည်။ ဝါကျနှစ်ကြောင်းကြားတွင် (,) ကော်မာခံရေးပြီး နောက်ဝါကျကို မူလအတိုင်းပြန်ရေးပေးရသည်။**

e.g. He heard a cry for help. He rushed outside.
(အကူအညီတောင်းသံကို သူကြားခဲ့တယ်။ သူအပြင်ကို အလျင်စလို ထွက်သွားခဲ့တယ်။)
Hearing a cry for help, he rushed outside.
(အကူအညီတောင်းသံကိုကြားလို့ သူအပြင်ကို အလျင်စလိုထွက်သွားခဲ့တယ်။)

e.g. Nyi Nyi saw a beautiful rainbow. He was excited.
Seeing a beautiful rainbow, Nyi Nyi was excited.

Ex: 1. He worked very hard. He won the first prize.
Working ________________________.
2. He thought he knew the answer. He put up his hand.
Thinking __________________________.
3. She shouted at the driver to stop. She ran after the bus.
Shouting ___________________________.
4. He forgot that the letter was still inside it. He threw away the envelope.
Forgetting _____________________________.
5. He looked around for the missing baby. He found him lying asleep beneath the sheets.
Looking ______________________________.

++++++++

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉–၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အီဂျစ်အသင်းနဲ့ ဆီနီဂေါအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေ

ကင်မရွန်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိတဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်ပွဲစဉ် တစ်ပွဲဖြစ်တဲ့ ကင်မရွန်းအသင်းနဲ့ အီဂျစ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အီဂျစ်အသင်းက ကင်မရွန်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အီဂျစ်အသင်းနဲ့ ဆီနီဂေါအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပါတယ်။



ကင်မရွန်းအသင်းကို အနိုင်ရရှိပြီးနောက် အီဂျစ်အသင်း ကစားသမားများ အောင်ပွဲခံစဉ်။

**သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရ**

ကင်မရွန်းအသင်းနဲ့ အီဂျစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ် ခံယူရာမှာတော့ အီဂျစ်အသင်းက ကင်မရွန်းအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အီဂျစ်အသင်းဂိုးသမား ဂါဘာစကီးဟာ ပင်နယ်တီနှစ်လုံးအထိ ကာကွယ်နိုင်ခဲ့တာကြောင့် အီဂျစ်အသင်း အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတက်လှမ်းနိုင်မယ့် အခွင့်အရေး ရရှိခဲ့တာ ဖြစ်ပါတယ်။

အီဂျစ်အသင်းက အိုင်ဗရီကို့စ်အသင်းကို အနိုင်ရရှိခဲ့တဲ့ ၁၆ သင်း အဆင့်မှာ အီဂျစ်အသင်းရဲ့ ပထမဦးစားပေးဂိုးသမား မိုဟာမက်အယ်လ်ရှီနာဝီ ဒဏ်ရာပြဿနာကြုံခဲ့ရတာကြောင့် ဂိုးသမား ဂါဘာစကီး အနေနဲ့ ဒုတိယဦးစားပေးကစားသမားအဖြစ် ဝင်ရောက်ကစားခဲ့ရတာဖြစ်ပြီး လက်ရှိအချိန်မှာ ဂိုးသမားဂါဘာစကီးရဲ့ လက်စွမ်းကြောင့်ပဲ နောက်ဆုံးဗိုလ်လုပွဲအထိ အီဂျစ်အသင်း တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

**စိတ်ဝင်စားစရာ ကောင်းနေ**

အီဂျစ်အသင်းနဲ့ ဆီနီဂေါအသင်းတို့ရဲ့ နောက်ဆုံးဗိုလ်လုပွဲထိပ်တိုက်တွေ့ဆုံမှုဟာ လီဗာပူးအသင်းရဲ့ တိုက်စစ်အတွဲဖြစ်တဲ့ မိုဟာမက်ဆာလာနဲ့ ဆာဒီယိုမာနေးတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုလို့ဆိုရမှာဖြစ်ပြီး မိုဟာမက်ဆာလာရဲ့ အီဂျစ်အသင်းကပဲ အာဖရိကနိုင်ငံများဖလားကို ရယူဆွတ်ခူးသွားနိုင်မလား ဒါမှမဟုတ် ဆာဒီယိုမာနေးရဲ့ ဆီနီဂေါအသင်းကပဲ အာဖရိကနိုင်ငံများ ချန်ပီယံဖြစ်သွားမလားဆိုတာ စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

အီဂျစ်အသင်းနဲ့ ဆီနီဂေါအသင်းတို့ရဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၆ ရက် ညပိုင်းမှာ ကင်မရွန်းနိုင်ငံရဲ့ မြို့တော်ယောင်ဒီ၌ ကျင်းပသွားမှာဖြစ်ပါတယ်။

**ငွေကြယ်**

## ◆ အောင်လအန်ဆန်မှ

စိန်ခေါ်သူ ကာဂျစ္စတန်နိုင်ငံသား အဘာဆော့ဗ်၊ လိုက်ဟဲဗီးဝိတ်တန်း ကစ်ဘောင်ဆင်ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် လက်ရှိချန်ပီယံ ယူကရိန်းနိုင်ငံသား ရိုမန်နှင့် စိန်ခေါ်သူ နယ်သာလန်/တူရကီနိုင်ငံသား မူရတ်၊ ဖယ်သာဝိတ်တန်း မွေထိုင်းကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် လက်ရှိချန်ပီယံ ထိုင်းနိုင်ငံသား ပတ်ချာမိုရာကော့သ်နှင့် စိန်ခေါ်သူ ရုရှားနိုင်ငံသား ဂျမေးလ်ယူဆူပေ့ါဗ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာတွင် လက်လွတ်ရပြီးနောက်ပိုင်း စိန်ခေါ်ပွဲများသာ ထိုးသတ်နေရပြီး ကမ္ဘာ့ချန်ပီယံဆုကို ပြန်လည်စိန်ခေါ်ခွင့်မရသေးကြောင်း သိရသည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ် ၂၀၂၁ ခုနှစ် ဇူလိုင်လကုန်ပိုင်းက ဘရာဇီးနိုင်ငံသား လီအန်ဒရိုနှင့် ထိုးသတ်ခဲ့ရာ ပထမအချီတွင် အလဲထိုးအနိုင်ရခဲ့ပြီး ဒုတိယမြောက်စိန်ခေါ်ပွဲအဖြစ် ဘစ်ဒက်ရှ်နှင့် ထိုးသတ်ရခြင်းဖြစ်သည်။

အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်သည် တတိယအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် တစ်ကြိမ်စီအနိုင်ရထားသည်။ ယင်းကစားသမားနှစ်ဦးသည် ပြီးခဲ့သည့်နှစ်ကြိမ်တွေ့ဆုံရာတွင် ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ရခြင်းဖြစ်ပြီး ယခုအကြိမ်တွင်မူ စိန်ခေါ်ပွဲအဖြစ် ထိုးသတ်ရခြင်းဖြစ်သည်၊၂၀၁၇ ခုနှစ်ဇန်နဝါရီလက ပထမအကြိမ်တွေ့ဆုံရာတွင် ဘစ်ဒက်ရှ်က အမှတ်ဖြင့်အနိုင်ယူကာ ချန်ပီယံဆုကာကွယ်နိုင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ် ဇွန်လတွင် ဒုတိယအကြိမ်တွေ့ဆုံရာတွင် အောင်လအန်ဆန်က အမှတ်ဖြင့် ပြန်လည်အနိုင်ယူကာ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ပထမဆုံး ရယူနိုင်ခဲ့သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-ONE Championship**

## အနုပညာ

# ပါ့ခ်ဆိုးဂျွန်နဲ့ ဟန်ဆိုဟီး ရုပ်သံဇာတ်လမ်းတွဲသစ်တွင် တွဲဖက်ပါဝင်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ပါ့ခ်ဆိုးဂျွန်ဟာ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ မင်းသမီး ဟန်ဆိုဟီးနဲ့ တွဲဖက်ပါဝင်ဖို့ရာ လတ်တလောမှာ အတည်ပြုခဲ့ပြီးဖြစ်ကြောင်းနဲ့ ရိုက်ကူးရေးလုပ်ငန်းတွေ စတင်နေပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Gyeongseong Creature လို့ ယာယီအမည်ပေးထားတဲ့ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ သူတို့နှစ်ဦး တွဲဖက်ပါဝင်မှာဖြစ်ကြောင်း ပြီးခဲ့တဲ့နှစ်ကတည်းက သတင်းတွေထွက်ခဲ့ပြီး ဆွေးနွေးမှုတွေအပြီးမှာ ယခုလို အတည်ပြုခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ယင်းရုပ်သံဇာတ်လမ်းတွဲမှာ ပါ့ခ်ဆိုးဂျွန်နဲ့ဟန်ဆိုဟီးတို့ အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်ထားကြောင်း အတည်ပြုခဲ့ပြီး ယင်းရုပ်သံဇာတ်လမ်းတွဲရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေ စတင်နေပြီဖြစ်တယ်လို့ လတ်တလောမှာ အဆိုပါရုပ်ရှင်အသိုင်းအဝိုင်းက အတည်ပြုခဲ့တာပါ။

၁၉၄၅ ခုနှစ် နွေဦးရာသီကို နောက်ခံထားရိုက်ကူးထားတဲ့ အဆိုပါဇာတ်လမ်းတွဲရုပ်ရှင်ဟာ သတ္တဝါတစ်ကောင်နဲ့ ရင်ဆိုင်တွေ့ခဲ့ရပြီး အသက်ရှင်သန်ဖို့ရာ ကြိုးပမ်းခဲ့ကြသူနှစ်ဦးအကြောင်း ပုံဖော်ရိုက်ကူးမှာ ဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်ကို ၂၀၂၃ ခုနှစ်အတွင်းစတင်ထုတ်လွှင့်ဖို့ရာ စီစဉ်ထားကြောင်း သိရပါတယ်။

## BTS အဖွဲ့ဝင် ဂျီမင်း အူအတက်ခွဲစိတ်ကုသမှု အောင်မြင်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ ကုသမှု ခံယူနေရဆဲဖြစ်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီမင်းဟာ လတ်တလောမှာ အူအတက်ခွဲစိတ်ကုသမှု ခံယူခဲ့ပြီးနောက် ခွဲစိတ်မှုအောင်မြင်ခဲ့ကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရတာကြောင့် ကုသမှုတွေ ဆက်လက်ခံယူနေရဆဲဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျီမင်းအနေနဲ့ ခွဲစိတ်ကုသမှုခံယူခဲ့ရကြောင်း အေဂျင်စီက ဇန်နဝါရီ ၃၁ ရက်မှာ ထုတ်ဖော်ပြောကြားခဲ့တာပါ။ အေဂျင်စီရဲ့ ပြောကြားချက်အရ ဂျီမင်းဟာ ဇန်နဝါရီ ၃၀ ရက်က ရုတ်တရက် ဗိုက်အောင့်ခဲ့ပြီး လည်ပင်းလည်းနာလာတာကြောင့် ဆေးရုံတက်ရောက်ခဲ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့တာဖြစ်ပါတယ်။ အူအတက်ခွဲစိတ်ကုသမှုခံယူခဲ့ပြီးနောက် ဂျီမင်းဟာ ကိုဗစ်-၁၉ ရောဂါကုသမှုတွေ ဆက်လက်ခံယူနေရဆဲဖြစ်တယ်လို့လည်း သိရပါတယ်။

ဂျီမင်းဟာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရတဲ့ ကာလအတွင်း အခြားသော အဖွဲ့ဝင်တွေနဲ့ ထိတွေ့မှုတွေ မရှိခဲ့ဘူးလို့လည်း အေဂျင်စီဘက်က ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာလကုန်ပိုင်းမှာ BTS ရဲ့ အခြားသောအဖွဲ့ဝင်တွေဖြစ်ကြတဲ့ အာရမ်၊ ဂျင်နဲ့ ရှူဂါတို့ ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရပြီး လက်ရှိမှာ ပြန်လည်ကောင်းမွန်လာခဲ့ပြီဖြစ်ပါတယ်။ ဂျီမင်းကတော့ အဖွဲ့ဝင်တွေအနက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရတဲ့ စတုတ္ထမြောက်အဖွဲ့ဝင် ဖြစ်ပါတယ်။

**အေးပြည့် - ရေးသားသည်**

## ပထမဆုံး ရင်သွေးလေး လွယ်ထားရပြီဖြစ်တဲ့ ရီဟားနား

ကျော်ကြားတဲ့ ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ရီဟားနားဟာ လက်ရှိမှာ သူ့ရဲ့ ပထမဆုံးရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း ရီဟားနားက ဇန်နဝါရီ ၃၁ ရက်မှာ လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာပါ။ ရီဟားနားနဲ့ ချစ်သူ တေးသံရှင် A$AP Rocky တို့နှစ်ဦး အတူလက်တွဲကာ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို ရီဟားနားက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ အဆိုပါဓာတ်ပုံမှာ ရီဟားနားဟာ ကိုယ်ဝန်လွယ်ထားရကြောင်း သိသိသာသာ ပေါ်လွင်နေပြီဖြစ်တာကိုလည်း တွေ့ရပါတယ်။

လက်ရှိမှာ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရီဟားနားဟာ ဂီတသက်တမ်းတစ်လျှောက် ဂရမ်မီဆု ကိုးဆုဆွတ်ခူးနိုင်ခဲ့တဲ့ တေးသံရှင်တစ်ဦးဖြစ်ပြီး သူ့ရဲ့ကိုယ်ပိုင်အမှတ်တံဆိပ်နဲ့ထုတ်လုပ်တဲ့ အလှကုန်တွေဟာလည်း ဈေးကွက်မှာ အောင်မြင်နေတာ ဖြစ်ပါတယ်။ ရီဟားနားဟာ ရက်ပ်တေးသံရှင်တစ်ဦးဖြစ်သူ A$AP Rocky နဲ့ နှစ်ပေါင်းများစွာ သူငယ်ချင်းတွေဖြစ်ခဲ့ကြပြီးနောက် ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာပါ။ ပြီးခဲ့တဲ့ နှစ်အတွင်း GQ မဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ A$AP Rocky က ရီဟားနားကို သူ့ဘဝရဲ့အချစ်လို့ တင်စားပြောဆိုခဲ့ပြီး သူ့အနေနဲ့ ဖခင်တစ်ဦးဖြစ်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

**ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ**
**(တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ၂၂ )**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄၃နှင့် ဆက်နွယ်သည့်**
**၂၀၂၁ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀၀**

| | | |
|---|---|---|
| ဒေါ်ကျင် | နှင့် | ၁။ ဦးချစ်ယုံ<br>၂။ ဒေါ်တင်ဝင်း<br>၃။ ဒေါ်ခင်စီ |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ ၂ လမ်း၊ အမှတ်-၁၅ နေ တရားရှုံးများဖြစ်သော ဦးချစ်ယုံ၊ ဒေါ်တင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ ၄ လမ်း၊ အမှတ်-၁၄၄ နေ တရားရှုံး ဒေါ်ခင်စီ (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄၃ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရရှိသူ က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် (၁၃၈၃ ခုနှစ်၊ တပို့တွဲလဆုတ် ၃ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၃၁ ဆူ | ၁၅၆ ဆူ | ၅၇၅ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၁၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၁၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)နှင့် Expansion Joint | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နုနုခင်

**အသက်(၈၃)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်၏ မိခင်ဖြစ်သူ ဒေါ်နုနုခင်သည် ၄-၂-၂၀၂၂ (သောကြာနေ့) ၁၀:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နုနုခင်

**အသက်(၈၃)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်၏ မိခင်ဖြစ်သူ ဒေါ်နုနုခင်သည် ၄-၂-၂၀၂၂ (သောကြာနေ့) ၁၀:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဝန်ထမ်းမိသားစုများ**

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်မြင့်မြင့်ရီ (ခ) မမိချို

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့နေ (ဦးမြင့်သိန်း-ဒေါ်တင်မြ)တို့၏သမီး၊ သန်လျင်မြို့နေ (ဦးမင်းဝေ-ဒေါ်မော်)တို့၏ ချစ်လှစွာသောသမီးချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၁၀၀)လမ်း၊ အမှတ်(၁၇/၁၉)နေ ဦးဝင်းနိုင်(ကိုတည်င် ရုပ်ပြပြင်ရေးဆိုင်)၏ ချစ်လှစွာသောဇနီး၊ မောင်သုတညာဏ်၊ မယွန်းမြတ်သွယ်တို့၏ မွေးသမိခင်သည် ၄-၂-၂၀၂၂ ရက် နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၆-၂-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၅)လမ်း၊ အမှတ်(၁၃၇)ဟုခေါ်တွင်သော (၂)ခန်းတွဲ RC (၆)ထပ်တိုက်၏ ၆ လွှာ(ခြေရင်းခန်း) တိုက်ခန်းအား မူလပိုင်ဆိုင်သူ ကန်ထရိုက်တာ ဦးခင်မောင်ဆန်း [၁၂/ဥကတ(နိုင်)၁၉၅၃၅၇]ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်ဆက်ဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးတင်အုန်း [၁၂/ဥကတ(နိုင်)၀၈၇၂၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် + အဆောက်အအုံနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းပပဖြူ LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၆၂)**
**အမှတ်(၆၅၇)၊ အောင်သီရိ(၆)လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉- ၄၂၀၀၄၅၃၂၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ ရွှေဟသ်ာ(၄)လမ်း၊ မြေကွက်အမှတ် (၁၂၀၈)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ)ရှိ မြေချပါမစ် ဦးစောကဲဘလူးအမည်ပေါက်သည့် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို တရားဝင် ပိုင်ဆိုင်အကျိုးခံစား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခိုင်ခင်မွေး [၁၂/သဃက(နိုင်)၁၆၉၅၂၉]က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်မ ဒေါ်ခင်မေဦးက ဝယ်ယူရန် သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း စရန်ငွေပေးချေထားသူ ဒေါ်ခင်မေဦး (ဖုန်းနံပါတ်-၀၉-၅၁၃၁၉၂၅/ ၀၉- ၇၉၈၁၃၆၀၀၉)ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မေဦး**
**အမှတ်(၁၀၂)၊ ၄လွှာ၊ ၁၂၃လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
**ဖုန်း-၀၉- ၅၁၃၁၉၂၅၊ ၀၉- ၇၉၈၁၃၆၀၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ၊ နှင်းဆီလမ်းသွယ်(၅)၊ အမှတ်(3C-28)ခေါ်တွင်သော သဃ်ာန်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂+၅၃)၊ အိုးအိမ်မြေကွက်အမှတ်-၂၁၀/ခ၊ ကုမ္ပဏီမြေကွက်အမှတ်(3C-28)၊ ဧရိယာ ၀.၀၉၄ ဧက (၄၀၇၃ စတုရန်းပေ) ရှိ လိုင်စင်မြေနှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်များကို မဟာရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ အမည်ပေါက်လျက်ရှိပါသည်။ ၎င်းထံမှ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်ယုဝါထွန်း [၉/မမန(နိုင်)၀၈၇၉၁၄] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ခင်အေးမာ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၇၁)**
**အမှတ်-၅၆၃(ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်နုနုခင်

### အထပြ(ငြိမ်း) အထက(၅) ကမာရွတ်

**အသက်(၈၃)နှစ်**

မုံရွာမြို့နေ အငြိမ်းစား ခရိုင်ဝန် ဝဏ္ဏကျော်ထင် (ဦးရှိန်-ဒေါ်ခင်လှ)တို့၏ သမီးကြီး၊ ချောင်းဦးမြို့နေ (ဦးချစ်ထွန်း-ဒေါ်ခင်သောင်း)တို့၏ ချွေးမ၊ ဦးဝင်းရှိန်-(ဒေါ်ရီရီချစ်)တို့၏ညီမ၊ ဒေါ်နုနုရီ၊ ဦးမျိုးရှိန်-ဒေါ်မိမိလေး၊ ဒေါ်မေပုလဲ - ဦးသန်းလွင်၊ ဒေါ်သန်းသန်းမြင့်၊ ဦးဗိုလ်ဗိုလ်-ဒေါ်မျိုးမေ၊ ဒေါ်ကြည်ကြည်ဝင်းတို့၏ အစ်မကြီး၊ ဒေါက်တာ သန်းထိုက် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ချစ်လှစွာသောဇနီး၊ ဒေါ်မာလာသန်းထိုက်(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးသူရသန်းထိုက် (Senior Engineer, G.S.K, စင်ကာပူ)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မမေယုခင်ခင် နှင့် မောင်လင်း ထက်သူရတို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်နုနုခင် အသက်(၈၃)နှစ်သည် ၄-၂-၂၀၂၂ရက် (သောကြာနေ့) နံနက် ၁၀:၄၄ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၈-၂-၂၀၂၂ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်သွင်

### (မောင်ငံကွင်းရပ်၊ မော်လမြိုင်မြို့)

**အသက်(၉၇)နှစ်**

မော်လမြိုင်မြို့၊ မောင်ငံကွင်းရပ်နေ (ဦးထွန်းမြိုင်-ဒေါ်ငြိမ်းမြ)တို့၏ သမီးထွေး၊ (ဦးစောလှဖြူ-ဒေါ်သစ္စာဦး)တို့၏ သမီးချွေးမ၊ (ဒေါ်စောရင်)၊ (ဒေါ်ငွေတင်)၊ (ဦးသိန်းလွင်-ဒေါ်ဖွားသိုက်)၊ (ဦးစိုးသင်-ဒေါ်တင်ရီ)တို့၏ ညီမ၊ ဦးသာညွန့်-(ဒေါ်နှင်းနှင်းဝေ)၊ (ဦးဝင်းအောင်ထွန်း)-ဒေါ်ဝေဝေမြင့်၊ (ဦးသိန်းဝင်းဇံ)-ဒေါ်ဆွေဆွေမြင့်၊ (ဦးသိန်းဝင်း)-ဒေါ်စောရွှေမြင့်၊ ဦးကြည်ထွန်း-ဒေါ်သီတာရွှေ၊ (ဦးမျိုးမြင့်ရွှေ)-ဒေါ်နီနီအောင်၊ ဦးကျော်နိုင်-ဒေါ်ချိုသီထွေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၂၇ ယောက်တို့၏အဘွား၊ မြစ် ၁၅ ယောက်တို့၏ ဘွားဘွားကြီး၊ (ဦးရွှေဖော်သူ)၏ ချစ်လှစွာသောဇနီး ဒေါ်မြင့်သွင်သည် ၃-၂-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၀:၁၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက်တွင် လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၉)လမ်း၊ အမှတ်(၄)၊ ဒုတိယထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၄)ရပ်ကွက်၊ ရှုခင်းသာမြို့ပတ်လမ်း၊ အမှတ်-န/၀(၇)နေ ဒေါ်ကေသွယ်စိုး [၁၄/မအန(နိုင်)၁၂၁၇၅၈] ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ လူနေရပ်ကွက်အမှတ်-၁၀၊ ၁၀/တောင်၊ (၁၄)ရပ်ကွက်၊ (၇)ဈေးလမ်း၊ မြေကွက်အမှတ်(၁၄၇၀/ခ)၊ မြေဧရိယာ(အလျား၂၀ ပေx အနံ ၆၀ ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် ဦးပွ (ISN-၃၀၉၄၄၇)[၁၂/သကတ(နိုင်)၀၅၆၁၆၄] (၂၇-၃-၂၀၁၂) ကွယ်လွန်၏အမည်ဖြင့် တရားဝင် ဂရန်အမည်ပေါက်မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကွယ်လွန်သူ ဦးပွ၏ဇနီး တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်လုံး [၁၂/သကတ(နိုင်)၀၅၆၁၇၇]နှင့် ၎င်း၏သားသမီးများဖြစ်ကြသော ဒေါ်မြင့်ကြည် [၁၂/သကတ(နိုင်) ၀၆၄၉၅၁]၊ ဒေါ်စိန်ရီ [၁၂/သကတ(နိုင်) ၀၃၆၅၀၂] ဒေါ်အေးပု[၁၂/သကတ(နိုင်) ၀၈၉၃၇၃]၊ ဒေါ်အုံးသိန်း [၁၂/သကတ(နိုင်) ၀၅၅၇၂၈]တို့က အပေါင်အနှံ၊ အရှုပ်အရှင်း၊ လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေက အဆိုပါမြေကွက်နှင့် နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ဒေါ်လုံး၊ ဒေါ်မြင့်ကြည်၊ ဒေါ်စိန်ရီ၊ ဒေါ်အေးပု၊ ဒေါ်အုံးသိန်းတို့ထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကေသွယ်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဇင်ဇင်နိုင်(LL.B), (D.B.L)** | **ဦးချစ်စန်းနိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၀၉၂)** | **(စဉ်-၃၉၇၁၄)** |

**အမှတ်(၁၁၄၄/က)၊ အောင်သုခ(၂၁)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၄၈၆၅၅၈၊ ၀၉-၂၅၄၁၁၀၆၈၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ အမှတ်(၄၇၄/၄၇၆)၊ (၇)လွှာ အခန်း(အေ၊ ဘီ၊ စီ) ဟုခေါ်တွင်သော သုံးခန်းတွဲတိုက်၏ အကျယ်အဝန်း (၄၅ ပေx ၄၅ ပေ)ရှိသော တိုက်ခန်းတွင် ပြုပြင်မွမ်းမံထားသောပစ္စည်းများ၊ ကိုယ်ပိုင်ရေစက်၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးပါဝင်တို့ကို ကျွန်ုပ်၏ မိတ်ဆွေက တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး အပိုင်ရောင်းချသူ ဦးဌေးလွင်၊ မှတ်ပုံတင်အမှတ် [၁၂/မရက(နိုင်)၁၃၁၁၉၈] ကိုင်ဆောင်သူထံမှ အပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေများအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ တစ်စုံတစ်ရာပြောကြား ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုမူရင်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်မကျော်လွန်မီ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပြောဆိုနိုင်ပါသည်။

သတ်မှတ်ရက်စေ့ရောက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အရောင်းအဝယ်ပြီးမြောက်ပြီးနောက်မှ ပြောကြားလာမှုအဝဝကို ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေက လက်ခံစဉ်းစားဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ကိုကို (ရွှေစာရေး)**
**LL.B, WIPO-101 (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၄)**
**အမှတ်(၂၉၇)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဆက်သွယ်ရန် ဖုန်း- ၀၉- ၄၂၁၀၂၁၆၃၇၊ ၀၉- ၄၅၀၁၇၀၀၀၁၊ ၀၉- ၄၅၀၁၇၀၀၀၂၊ ၀၉- ၄၅၀၁၇၀၀၀၃**

## ဦးရီဟန်(ခ) ဝီလီရွှေ

### ကထိက(ငြိမ်း)၊ ဆေးဘက်ပညာသည်တက္ကသိုလ်

**B.A, M.S.R (London)**

**နာယက MSMRT အသင်း**

**စိန်ပေါလ်ကျောင်းသားဟောင်း**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၆၁)၊ အခန်း(၁၈)၊ အရှေ့ရန်ကင်း၊ ရန်အောင်(၉)လမ်းနေ (ဦးကြီးရွှေ-ဒေါ်ယုမေ)တို့၏သား၊ (ဦးစောမောင်-ဒေါ်စောကျင်)တို့၏သားသမက်၊ ဒေါ်တင်တင်လှ(ခ) ဒေါ်လှ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသန်းအေး-ဒေါ်ခင်ဖြူ)၊ (ဦးမောင်မောင်အေး-ဒေါ်လီလီရွှေ)တို့၏အစ်ကို၊ ဦးဝဏ္ဏ-ဒေါ်သီတာဝေ၊ ဒေါ်အေးအေးဟန်၊ ဦးမြင့်မောင်-ဒေါ်သီသီဟန်၊ ဒေါ်ကေသီဟန်၊ (ဦးဇော်ဇော်ဟန်)၊ ဦးကျော်ကျော်ဟန်-ဒေါ်အိအိခိုင်၊ ဦးမင်းမင်းဟန်-ဒေါ်ကြည်ကြည်တင့်၊ ဦးတေဇဟန်တို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၂-၂-၂၀၂၂ ရက် ည ၁၀:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၃-၂-၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၂၂ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ် (၆၈၈)၊ မြေကွက်တည်နေရာအမှတ်(၆၈၈)၊ (၆၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဦးမြသောင်း [၁၂/ကတတ(နိုင်) ၀၁၀၉၉၇] အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးမြသောင်း (ခင်ပွန်း)သည်(၂၄-၁၁-၂၀၁၇) ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မေသန်းမြ [၁၂/ကတတ(နိုင်)၀၁၀၉၉၈] ထံမှ GP အမှတ်-၁၈၅၈ (၄-၂-၂၀၂၁)ဖြင့် ရရှိသူ ဦးသန်းဇော်မြင့် [၁၄/အဂပ(နိုင်) ၁၃၄၃၄၆]မှ ဂရန်မူရင်း၊ သေစာရင်း၊ သန်းခေါင်စာရင်း၊ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်းနှင့် ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၆၈၁ (၂၁-၆-၂၀၂၁)၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာအမှတ်-၆၈၂ (၂၁-၆-၂၀၂၁)၊ ၆၈၃(၂၁-၆-၂၀၂၁) (၂)စောင်နှင့် ပါဝါပေးသူ သက်ရှိထင်ရှားကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း၊ ကျမ်းကျိန်လွှာအမှတ်-၆၈၀(၂၁-၆-၂၀၂၁)တို့တင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၃၁၆၅)၊ ဧရိယာ (၀.၁၁၀)ဧကရှိ ဦးကျော်ကျော် [၉/ပမန(နိုင်)၀၅၇၁၉၉] အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ဖူးပွင့်ချို [၁၂/ဗဟန(နိုင်)၀၉၆၅၈၄]မှ မြေပေးမိန့်မိတ္တူ၊ အရောင်းအဝယ်စာချုပ်၊ မြေပေးမိန့်မူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁)လအတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# သင့်
# သွေးဖြင့်
# အသက်
# ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးလှမြင့်ဦး(ငြိမ်း) - ဒေါ်တင်မိုးဝင်းတို့၏ မိခင်ကြီး ဒေါ်ညွှန့်ညွှန့် အသက် (၆၆) နှစ်သည် ၃-၂-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း၊ အပတ်စဉ် (၃၈) သူငယ်ချင်း မိသားစုဝင်များ**

## ကန့်ကွက်နိုင်ပါကြောင်း

ဦး AK ကမာလ်အဗ္ဗဒုလန်ဇလ် [၁၂/ပဇတ(နိုင်)၀၁၇၄၈၁]ထံမှ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ တိုက်အမှတ်(၇၃)၏ ၆ ထပ်တိုက်၏ ၆ လွှာ(ခြေရင်း)အခန်း ဝယ်ယူရန်အတွက် ဒေါ်သန်းစုစုဌေး [၁၂/ပဘတ(နိုင်)၀၂၉၃၀၄]သည် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြေညာစာပါပြီး (၇)ရက်အတွင်း သက်သေအထောက်အထား ခိုင်မာစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သန်းစုစုဌေး[၁၂/ပဘတ(နိုင်)၀၂၉၃၀၄]**
**ဖုန်း- ၀၉-၅၅၀၆၃၅၇၊ ၀၉-၅၅၀၁၁၉၂**

## အကျင့်ပျက်ဝန်ထမ်းအဖြစ် ကုမ္ပဏီမှ ထုတ်ပယ်ပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ကင်းမက်တယ်(လ်)ထရေးဒင်းကုမ္ပဏီလီမိတက်တွင် ငွေကိုင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မကေသီဝမ်း မှတ်ပုံတင်အမှတ်-၁၂/သဃက (နိုင်) ၁၆၉၀၂၀ (အဖ-ဦးတင်ဝမ်း) သည် ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ကုမ္ပဏီပိုင်ငွေများအား အလွဲသုံးစားလုပ်ခြင်းကို တွေ့ရှိရသဖြင့် ဥပဒေကြောင်းအရ အမှုဖွင့်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါဝန်ထမ်းကို အကျင့်ပျက် ဝန်ထမ်းအဖြစ် ကုမ္ပဏီမှ ထုတ်ပယ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကင်းမက်တယ်(လ်)ထရေးဒင်းကုမ္ပဏီလီမိတက်၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဦးဝင်းနိုင် (မုံရွာ) | ဒေါ်သင်းသင်းညို |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၅၇၀၉/၉၁) | (စဉ်-၉၇၈၆/၁၄) |

အမှတ်-၅၀၊ ပထမထပ်၊ အခန်း (A-15)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁၆၉၆၁၀

## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၆၆၀)၊ ဧရိယာ(၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်လတ်(TGN-၀၇၉၇၉၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြောက်ဥက္ကလာပမြို့နယ်၊ ၁၄/ရွှေပေါက်ကံရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၆၆၀)ဟုခေါ်တွင်သည့် အဆောက်အဦနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါ မြေကွက်နှင့်အဆောက်အဦတို့ကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူ ဒေါ်ခင်အေး [၁၂/ဥကတ(နိုင်)၀၃၁၀၇၄]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်နိုင်ဝင်း(စဉ်-၈၂၁၉)** | **ဒေါ်တင်တင်ခိုင်(စဉ်-၈၀၀၈)** |
| **LL.B, D.I.L** | **LL.B, D.B.L, D.M.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၁၃/ခ)၊ (၈)လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

- မိမိတို့အစိုးရအနေနဲ့ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး အခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်တာဝန်ရယူထားချိန်မှာ တာဝန်တွေကို စွမ်းအားရှိသမျှ ထမ်းဆောင်ခဲ့သော်လည်း ပြည်တွင်း/ပြည်ပနှောင့်ယှက်ဟန့်တားမှုတွေ ရှိခဲ့ပါတယ်။
- လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးမှာ လူလူချင်းလေးစားခြင်း၊ တန်ဖိုးထားခြင်းဟာ အရေးအကြီးဆုံးအချက်ဖြစ်ပါတယ်။ နိုင်ငံရှိမှလည်း နိုင်ငံသားတို့ရဲ့ ရပိုင်ခွင့်ကို တောင်းဆိုနိုင်ပါတယ်။
- နိုင်ငံပျက်သုဉ်းသွားသော်လည်းပဲ နိုင်ငံသားတစ်ဦးချင်းရဲ့ ရပိုင်ခွင့်ကို ကာကွယ်နိုင်တဲ့ နမူနာမျိုး ကမ္ဘာမှာ မရှိသေးပါဘူး။ အဖျက်၊ အမှောင့်၊ အနှောင့်အယှက်များ ကင်းဝေးမှသာ နိုင်ငံသားအခွင့်အရေးကို တောင်းဆိုနိုင်မှာပါ။
- အများအကျိုးထက် လူတစ်ဦးတစ်ယောက်အကျိုး ဖော်ဆောင်ဦးစားပေးရမယ်ဆိုတဲ့ အတွေးအခေါ်ဟာ ဒီမိုကရေစီအတွက် သူတော်ကောင်းဟန်ဆောင်ခြင်းသာ ဖြစ်ပါတယ်။
- နိုင်ငံတော်ကို လက်မခံတဲ့ ရည်ရွယ်ချက်၊ လုပ်ရပ်၊ လုပ်ဆောင်ချက်တို့ဟာ နိုင်ငံတော်အတွက် တာဝန်သိသိ လုပ်ဆောင်နေတဲ့ နိုင်ငံသားများကိုလည်း လက်မခံတဲ့သဘောဖြစ်ပါတယ်။
- နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကိုကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်ရန်ဖြစ်ပြီး ကျွန်တော်တို့ တပ်မတော်သားများဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိကသဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



ဆောမြို့ရှိ မီးသတ်ဦးစီးဌာနရုံးအဆောက်အအုံနှင့် မီးသတ်ယာဉ်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

## မကွေးတိုင်းဒေသကြီး ဆောမြို့နယ်ရှိ လုံခြုံရေးရဲတပ်ဖွဲ့စခန်းများကို PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်တိုက်ခိုက်၊ စစ်ရေးပစ်မှတ်မဟုတ်သည့် ရုံးဌာနအဆောက်အအုံ ရှစ်လုံးနှင့် လူနေအိမ် နှစ်လုံး အကြောင်းမဲ့မီးရှို့ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

NUG၊ CRPH နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထုများအကြား အကြောက်တရားများ လွှမ်းမိုးပြီး အုပ်ချုပ်ရေးယန္တရား ပျက်ယွင်းလာစေရေးအတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ လူနေအိမ်များ၊ ဆေးရုံ၊ ဆေးခန်းနှင့် စာသင်ကျောင်းများအား လက်လုပ်မိုင်း၊ လက်လုပ်ဗုံးများ အသုံးပြုကာ ဖောက်ခွဲတိုက်ခိုက်၊ မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရေးအတွက် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်ခြင်း၊ ရုံးဌာနအဆောက်အအုံများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❑

## အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်တို့၏ စိန်ခေါ်ပွဲ ဖေဖော်ဝါရီ ၂၅ ရက် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်နှင့် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်တို့၏စိန်ခေါ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြုလုပ်မည့် Full Circle အမည်ရ MMA ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

**စင်ကာပူနိုင်ငံ၌ ပြုလုပ်မည်**

ONE Championship က စီစဉ်သည့် Full Circle အမည်ရ MMA ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် စင်ကာပူနိုင်ငံ၌ ပြုလုပ်မည်ဖြစ်ပြီး တွဲဆိုင်း ၁၄ ပွဲပါဝင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် စိန်ခေါ်ပွဲ ၁၁ ပွဲ၊ ကမ္ဘာ့ချန်ပီယံလုပွဲ သုံးပွဲပါဝင်မည်ဖြစ်ပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်းနှစ်ဦးဖြစ်သည့် အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်ပွဲကို မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ် ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် လက်ရှိချန်ပီယံ နယ်သာလန်နိုင်ငံသား ဒီရစ်ဒါနှင့်

စာမျက်နှာ ၂၂ ကော်လံ ၅ သို့ ◆



အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ် တွေ့ဆုံခဲ့စဉ်။

**ယနေ့ ဖတ်စရာ**

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ**

စာမျက်နှာ » ၁၅

**အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အီဂျစ်အသင်းနဲ့ ဆီနီဂေါအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေ**

စာမျက်နှာ » ၂၂